(ဇူလိုင်လ ၂၂ ရက်၊ ၂၀၀၄ ခုနှစ်အချိန်အထိ)

## နိုင်ငံခြားတွင်အဂတိလိုက်စားမှုများ ပိတ်ပင်ရေးအက်ဥပဒေတွင်ပါရှိသော လာဘ်ထိုးမှုတားမြစ်ရေးနှင့် လုပ်ငန်းစာရင်းအင်း စာအုပ်၊ မှတ်တမ်းများ ထားရှိရေးဆိုင်ရာပြဋ္ဌာန်းချက်အပိုဒ်များ

## (နိုဝင်ဘာလ ၁၀ ရက်၊ ၁၉၉၈) ပြည်သူ့ဥပဒေ ၁၀၅-၃၆၆ ပြဋ္ဌာန်းချိန်မှယခုအထိ အကျုံးဝင်သည်။

## အမေရိကန်နိုင်ငံတရားမမှုဥပဒေ

## ဥပဒေခေါင်းစဉ် ၁၅၊ ကူးသန်းရောင်းဝယ်မှုနှင့် လုပ်ငန်းလုပ်ဆောင်မှု ဥပဒေအခန်း ၂ (ခ) - ဆက္ကူရတီအိတ်ချိန်း (ငွေစက္ကူ ငွေစုစာချုပ်၊ ဈေးကွက်အစုရှယ်ယာများ ရောင်းဝယ်ဖောက်ကားမှုကို ကြီးကြပ်သောအစိုးရ ကော်မရှင်အဖွဲ့အစည်း)

### ၇၈အမ်၊ ကာလအပိုင်းအခြားလိုက်မှတ်တမ်းများနှင့် အခြားမှတ်တမ်းများ

### (က) ဆက္ကူရတီ(ငွေစက္ကူ ငွေစုစာချုပ်၊ ဈေးကွက်အစုရှယ်ယာနှင့် ရင်းနှီးမြှုပ်နှံမှုများ) ကိုထုတ်ပေးသူ၊ တာဝန်ယူသူများမှ ပြင်ဆင်ထားသည့်မှတ်တမ်းတင်ပြချက်များ၊ ပါဝင်သည့်အချက်အလက်များ

ဤဥပဒေခေါင်းစဉ်၏အခန်း ၇၈အိုင် အရ ဤကော်မစ်ရှင်ရုံးတွင် မှတ်ပုံတင်ထားသော ဆက္ကူရတီကို ထုတ်ပေးသူတိုင်းသည် - ရင်းနှီးမြှုပ်နှံသူ၏အကျိုးစီးပွားကိုမှန်ကန်စွာ ကာကွယ်ပေးရန်နှင့် ဆက္ကူရတီများကို ရောင်းဝယ်ဖောက်ကားမှုတွင် တရားမျှတရေးအတွက် လိုအပ်လျှင်လိုအပ်သလို ဤကော်မရှင် အဖွဲ့ကြီးကပြဋ္ဌာန်းထားသည့် ဥပဒေစည်းကမ်းများနှင့်အညီ ဤကော်မရှင်ရုံးတွင် အောက်ပါအတိုင်းတင်သွင်းရမည် -

(၁) ဤဥပဒေခေါင်းစဉ်၏ အခန်း ၇၈အိုင် နှင့်အညီ ကော်မရှင်အဖွဲ့ကြီးကလိုအပ်သည်ဟုပြဋ္ဌာန်းထားသော အချက်အလက်၊ စာရွက်စာတမ်းများနှင့် သက်ဆိုင်ရာ မိတ္တူများ၊ ထိုစာရွက်စာတမ်းများမှာလည်းယနေ့ အချိန်အထိအကျုံးဝင်သောမှတ်တမ်း၊ စာရွက်စာတမ်းများပါဝင်ရမည်။
သို့သော်ခြွင်းချက်အနေဖြင့် ၁၉၆၂ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့ မတိုင်မီက ချုပ်ဆိုထားသောစာချုပ်စာတမ်းများကို တင်သွင်းရန်မလိုပါ။

(၂) ကော်မရှင်အဖွဲ့၏ဥပဒေစည်းကမ်းများနှင့်အညီ လိုအပ်လျှင် ပုဂ္ဂလိကစာရင်းကိုင်က စစ်ဆေးပြီး လက်မှတ်ထိုးထားသော နှစ်ချုပ်မှတ်တမ်းများ၊ ကော်မရှင်ရုံးကလိုအပ်လျှင် သုံးလတစ်ကြိမ်အစီရင်ခံစာများ

ပြည်တွင်အစုရှယ်ရာဈေးကွက်တစ်ခုတွင်မှတ်ပုံတင်ထားသော အစ်ရှူးဝါး(ဆကျူရတီထုတ်ပေးသူ) အနေဖြင့် အဆိုပါဈေးကွက်တွင်မူလစာရွက်စာတမ်း၊ အစီရင်ခံစာများ၏ မိတ္တူများကိုတင်ပြရမည်။

### (ခ) အစီရင်ခံစာပုံစံ၊ လုပ်ငန်းဆိုင်ရာစာရင်းမှတ်တမ်း၊ စာအုပ်များနှင့် ရုံးတွင်းစာရင်းအင်းများ၊ လမ်းညွှန်ချက်များ

***

(၂) ဤဥပဒေခေါင်းစဉ်၏အခန်း ၇၈အိုင် နှင့်အညီ မှတ်ပုံတင်ထားသော အစ်ရှူးဝါး(ဆကျူရတီထုတ်ပေးသူ)နှင့် ဥပဒေအခန်း ၇၈အို(ဒီ)နှင့်အညီ အစီရင်ခံစာတင်သင်းရန် လိုအပ်သော အစ်ရှူးဝါး(ဆကျူရတီထုတ်ပေးသူ)တိုင်းသည် အောက်ဖော်ပြပါအတိုင်း လုပ်ဆောင်ရမည်။

(က)အဆိုပါ အစ်ရှူးဝါး(ဆကျူရတီထုတ်ပေးသူ)တိုင်းသည် မှတ်တမ်းမှတ်ရာ၊စာရင်းစာအုပ်များကို အဖြစ်နိုင်ဆုံး အသေးစိတ်နှင့်မှန်မှန်ကန်ကန် ရေးမှတ်သိမ်းဆည်းထားရမည်။ ထုတ်ပေးသူ၏ပိုင်ဆိုင်မှုအားလုံးကို ရောင်းချမှု၊ ပေးအပ်မှုများလုပ်သည့်အချက်ကို မှန်မှန် ကန်ကန်ထင်ဟပ်သည့် မှတ်တမ်း၊စာရွက် စာတမ်းစာအုပ်များပြုလုပ်ရမည်။
(ခ)အောက်ဖော်ပြပါ အာမခံချက်များကို သင့်လျော်စွာ ပေးနိုင်ရန်ရုံးတွင်၊ ကုမဏီတွင်စာရင်းအင်း ပြုခြင်းစနစ်ကိုဖန်တီး၍ ထိန်းသိမ်းထားရမည်။
(၁)အရောင်းအဝယ်လုပ်မှုအားလုံးကို လုပ်ငန်း၏ကြီးကြပ်သူ၊ ပိုင်ဆိုင်သူက အထွေထွေ (သို့မဟုတ်) သီးသန့် ခွင့်ပြုချက်နှင့် အညီလုပ်ဆောင်ရမည်။
(၂) (၁)အထွေထွေစာရင်းကိုင်ဥပဒေသများနှင့် ကိုက်ညီသောဘဏ္ဍာရေးရှင်းတမ်း (ငွေဝင်ငွေထွက်စာရင်း) ကို ပြင်ဆင်ပေးရန်။
(၂) ပိုင်ဆိုင်မှုအရပ်ရပ်အတွက်တာဝန်ယူမှုရှိရန်နှင့် အရောင်းအဝယ်လုပ်ဆောင်ချက်များအား လိုအပ်သည့်အတိုင်းမှတ်တမ်းတင်ထားရှိရမည်။
(၃)ပိုင်ဆိုင်မှုအရပ်ရပ်ကို ကြီးကြပ်အုပ်ချုပ်သူ၏ အထွေထွေ၊ (သို့မဟုတ်) သီးသန့်ခွင့်ပြုချက်ဖြင့်သာ ရခွင့်ရှိရမည်။
(၄)သင့်တော်သောအချိန်ကာလအပိုင်းအခြား အတွင်း၌ စုစုပေါင်း ပိုင်ဆိုင်မှုများ စာရင်းရေးမှတ်ထားချက် များကို လက်ရှိပိုင်ဆိုင်မှု စာရင်းနှင့်နှိုင်းယှဉ်ကြည့်ရမည်ဖြစ်ပြီး အကယ်၍ ခြားနားမှုရှိလျှင်သင့်တော်သောအရေးယူမှုကို လုပ်ဆောင်ရမည်။

(၃) (က) အမေရိကန်နိုင်ငံ၏ တိုင်းပြည်လုံခြုံရေးနှင့်ဆက်နွယ်သောကိစ္စရပ်များနှင့်ပတ်သက်၍ ဤဥပဒေအခန်းငယ် အပိုဒ် (၂) အရ ထိုကိစ္စရပ်များအတွက် တာဝန်ယူရသော အစိုးရအဖွဲ့ တစ်ခုခု၏ ဦးစီးနှင့် ပူးပေါင်းဆောင်ရွက်သော မည်သူတစ်ဦး မှာမှ တစ်ဦးတည်းတာဝန်ယူလုပ်ဆောင်မရပါ။ အကယ်၍ တစ်ဦးတစ်ယောက်တည်းက ဤသို့တာဝန်ယူလုပ်ဆောင်ခဲ့လျှင် ဤသို့ လုပ်ဆောင်မှုမှာနိုင်ငံတော်သမ္မတ၏ အခွင့်အာဏာနှင့် ညွှန်ကြားချက်အရသော်လည်းကောင်း၊ အစိုးရဌာန အေဂျင်စီ၏ အကြီးအကဲကညွှန်ကြားမှုအရတာဝန်ယူ လုပ်ဆောင်မှုဖြစ်ရမည်။ ဤအပိုဒ်တွင်ရှိသောဥပဒေအရ ထုတ်ပြန်ထားသည့် လမ်းညွှန်မှုတစ်ခုချင်းစီသည် ဤအပိုဒ်တွင် ပြဌာန်းထားသော မည်သည့်ဥပဒေ၊ ဥပဒေသများကို ရည်ညွှန်းကြောင်းနှင့် ပတ်သက် သည့် တိတိကျကျအချက်အလက်များ၊ အခြေအနေများကို ဖော်ပြထားရမည်။ အကယ်၍ စာဖြင့်တရားဝင်ရေးသားပြီး ထပ်မံသက်တမ်းမတိုးထားလျှင် ဤညွှန်ကြားချက်တစ်ခုစီသည် ထုတ်ပေးသည့်နေ့မှစ၍ တစ်နှစ်အကြာတွင် သက်တမ်းကုန်စေရမည်။
(ခ) ဤအပိုဒ်ပါဥပဒေနှင့်အညီ ဤကဲ့သို့ ညွှန်ကြားချက်တစ်ခုကို ထုတ်ပေးသူ အမေရိကန်နိုင်ငံ အစိုးရဌာန (သို့မဟုတ်) အေဂျင်စီ တစ်ခုခု၏ဦးစီးခေါင်းဆောင်ပုဂ္ဂိုလ် တစ်ဦးချင်းအနေဖြင့် ဤညွှန်ကြားလွှာများအားလုံးကို အပြည့်အစုံ ဖိုင်စာတွဲတစ်ခုတွင် ထိန်းသိမ်းထားရမည်။ နှစ်စဉ် အောက်တိုဘာလ (၁) ရက်နေ့တွင် ယခင်ပထမနှစ်အတွင်းက အကျုံးဝင်သော ညွှန်ကြားချက်များနှင့် ပတ်သက်သည့်ကိစ္စ အဝဝများ၏အကျဉ်းချုပ်ကို အောက်လွှတ်တော်၏ စုံစမ်းထောက်လှမ်းရေး ဆိုင်ရာ အမြဲတမ်းရွေးချယ်ကော်မတီနှင့် အထက်လွှတ်တော်၏ စုံစမ်းထောက်လှမ်းရေးဆိုင်ရာ ရွေးချယ် ကော်မတီတို့ ထံသို့ ပေးပို့ရမည်။

(၄) ဤအခန်းငယ်၏ အပိုဒ် (၅) တွင် ပြဌာန်းထားသော ဥပဒေသမှလွဲ၍ ဤအခန်းငယ်၏အပိုဒ် (၂) တွင်ရှိသော လိုအပ်ချက် များကို လိုက်နာရန် ပျက်ကွက်မှုအတွက် မည့်သည့်ရာဇဝတ်မှု ပြစ်ဒဏ်မှ ကျခံခြင်းမရှိစေရ။

(၅) မည်သူတစ်ဦးတစ်ယောက်မျှ သိလျက်ဖြင့် ရုံးလုပ်ငန်းတွင် ဆိုင်ရာစာရင်းအင်း စနစ်ကိုလွဲပြောင်းခြင်း၊ (သို့မဟုတ်) သိလျက် ဖြင့် စာရင်းအင်းစနစ် အကောင်အထည်ဖော်ရန် ပျက်ကွက်ခြင်း၊ (သို့မဟုတ်) ဥပဒေအပိုဒ် (၂) တွင် ဖော်ပြထားသော မည်သည့်စာအုပ်မှတ်တမ်း စာရင်းကိုမှ သိလျှက်ဖြင့် လိမ်လည်ပြင်ဆင် ဖော်ပြခြင်းမရှိစေရ။

(၆) ဤဥပဒေခေါင်းစဉ်၏ အခန်း ၇၈အိုင် အရ စျေးကွက်တွင မှတ်ပုံတင်ထားသူ အစ်ရှူးဝါး၊ (သို့မဟုတ်) ဤဥပဒေခေါင်းစဉ် ၏ အခန်း ၇၈အို(ဒီ) အရ အစီရင်ခံစာများတင်သွင်းရန်လိုသော အစ်ရှူးဝါး(ဆကျူရတီထုတ်ပေးသူ)တို့အနေဖြင့် ပြည်တွင်း ကုမ္ပဏီ၊ (သို့မဟုတ်) ပြည်ပကုမ္ပဏီနှင့် ပတ်သက်ပြီး ဆုံးဖြတ်မဲပေးပိုင်ခွင့် ၅၀ ရာနှုန်း (သို့မဟုတ) ထို့ထက်နည်းပြီးရှိသည့်အခါတွင် အပိုဒ် (၂)

ပါ ဥပဒေသများအရ အစ်ရှူးဝါးက ၎င်း၏ ဩဇာအာဏာကိုသုံးပြီး အဆိုပါပြည်တွင်း၊ (သို့မဟုတ်) ပြည်ပကုမ္ပဏီကို ဥပဒေအပိုဒ် (၂) နှင့်အညီ ကုမ္ပဏီအတွင်း စာရင်းအင်းထိန်းချုပ်မှုစနစ် ဖန်တီးရန် အစ်ရှူးဝါး၏ သင့်တော်သောအခြေအနေအရ ရိုးသားသောသဘောနှင့် စေခိုင်းခွင့်ရှိသည်။ သင့်တော်သောအခြေအနေဆိုသည်မှာ အစ်ရှူးဝါး၏ ပြည်တွင်းပြည်ပကုမ္ပဏီ ပိုင်ဆိုင်မှု အတိုင်းအတာ၊ အဆိုပါကုမ္ပဏီတည်ရှိသည့် နိုင်ငံ၏လုပ်ငန်းလည်ပတ်မှုကို စိုးမိုးသောဥပဒေများပါဝင်သည်။ ဤကဲ့သို့ဩဇာအာဏာမျိုးကိုအသုံးပြုကြောင်း ရိုးသားစွာနှင့်ပြသသူ အစ်ရှူးဝါးသည် အပိုဒ် (၂) ပါ ဥပဒေလိုအပ်ချက်နှင့် လိုက်နာသည်ဟုယူဆရမည်။

(၇) ဤဥပဒေအခန်းငယ်၏အပိုဒ်(၂)တွင် **'သင့်တော်သော အာမခံချက်'**နှင့် **'သင့်တော်သောအသေးစိတ်'**ဆိုသည့် ဝေါဟာရ များမှာ မိမိတို့၏လုပ်ငန်းရေးရာလုပ်ဆောင်မှုတွင် စဉ်းစားဆင်ခြင်စွာဖြင့် လုပ်ဆောင်သည့် အရာရှိအားကျေနပ် စေသည့် အာမခံအချက်၊ အသေးစိတ်အချက်နှင့် အတိုင်းအတာကိုဆိုလိုသည်။

***

## <u>၇၈ ဒီဒီ - ၁ (၁၉၃၄ ခုနှစ် ဆက္ကူရတီနှင့် အိတ်စချိန်း အက်ဥပဒေ အခန်း ၃၀ (အေ))</u>

## နိုင်ငံခြားတွင်ကူးသန်းရောင်းဝယ်မှုနှင့် ပတ်သက်သည့် ဥပဒေအရ အစ်ရှူးဝါး(ဆက္ကူရတီထုတ်ပေးသူ)ကို ပိတ်ပင်တားမြစထားသည့် လုပ်ငန်း ကျင့်သုံးမှုများ

### <u>(က) ပိတ်ပင်တားမြစ်မှု</u>

ဤဥပဒေခေါင်းစဉ်၏ အခန်း ၇၈အိုင် နှင့်အညီ ဈေးကွက်တွင် အဆင့်အတန်းအစားအနေဖြင့်မှတ်ပုံတင်ထားသော မည်သည့် အစ်ရှူးဝါး(ဆက္ကူရတီထုတ်ပေးသူ)မဆို၊ (သို့မဟုတ်) ဤဥပဒေခေါင်းစဉ်၏ အခန်း ၇၈အို(ဒီ) အတိုင်း အစီရင်ခံစာ တင်သွင်းရန်လိုသော အစ်ရှူးဝါး(ဆက္ကူရတီထုတ်ပေးသူ) (သို့မဟုတ်) ၎င်း၏အရာရှိ၊ ညွှန်ကြားရေးမှူး၊ အလုပ်သမားကိုယ်စားလှယ်၊ (သို့မဟုတ်) အဆိုပါ ကော်ပိုရေးရှင်း၏ ကိုယ်စားပြု အစုရှယ်ယာဝင်အနေနှင့်မည်သည့်နိုင်ငံခြားအရာရှိများကိုမှ <u>**အောက်ဖော်ပြပါရည်ရွယ်ချက်ဖြင့်**</u> စာရိတ္တပျက်ပြားစွာ ငွေကြေး ပေးဆောင်ရန်ကမ်းလှမ်းမှု၊ ငွေကြေး (သို့မဟုတ်) လက်ဆောင်ပေးဆောင်မှု၊ ငွေကြေးပေးရန်ကတိပေးမှု၊ ငွေကြေးပေးရန် ခွင့်ပြုမှုကို စာတိုက်မှသော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း လုပ်ဆောင်မှုသည် တရားမဝင် ဖြစ်စေရမည်။

(၁) <u>**အဆိုပါရည်ရွယ်ချက်များမှာ**</u>

(က)(၁)နိုင်ငံခြားတိုင်းပြည်တွင်ရှိသော အရာရှိ၏ဆုံးဖြတ်မှုကို အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက်ကြောင့် သော်လည်းကောင်း၊ (၂)အဆိုပါအရာရှိ၏ ဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်မှုကို ဖောက်ဖျက်ရန်သော်လည်းကောင်း၊ ပပျောက် အောင်သော်လည်းကောင်း ဖြားယောင်းသွေးဆောင်ရန် ရည်ရွယ်ချက်ဖြင့်သောလည်းကောင်း၊

(၃)မသမာသောအကျိုးအမြတ်ရရှိရေးအတွက်သော်လည်းကောင်း၊

(သို့မဟုတ်)

(ခ)နိုင်ငံခြားတိုင်းပြည်အစိုးရနှင့်ပတ်သက်၍ နိုင်ငံခြားတိုင်းပြည်ရှိ အရာရှိအား ဩဇာအာဏာလွှမ်းမိုးရန် ဖြားယောင်းသွေးဆောင်ခြင်း ရည်ရွယ်ချက်ဖြင့်၊ (သို့မဟုတ်) အဆိုပါအစိုးရ၏ဆုံးဖြတ်ချက်ကိုလွှမ်းမိုးရန် နိုင်ငံခြားတိုင်းပြည် အရာရှိကို ဖြားယောင်းသွေးဆောင်မှု၊ မိမိ၏ ကော်ပိုရေးရှင်း၏ လုပ်ငန်းရယူမှုအတွက်၊ လုပ်ငန်းလုပ်ဆောင်မှုအတွက်၊ လုပ်ငန်းနှင့် ပတ်သက်၍ ညွှန်ကြားမှုအတွက်အထောက်အကူပြုသည့် အနေဖြင့် မည်သည့်နိုင်ငံခြားတိုင်းပြည်အရာရှိကိုမျှ ငွေကြေး လက်ဆောင်ပေးခြင်း၊

(၂)အောက်ဖော်ပြပါ ရည်ရွယ်ချက်ဖြင့် နိုင်ငံခြားတိုင်းပြည်၏ နိုင်ငံရေးပါတီ၊ (သို့မဟုတ်) အရာရှိ၊ (သို့မဟုတ်) နိုင်ငံရေးပါတီရုံးအတွက်ကိုယ်စားပြုသောကိုယ်စားလှယ်

(က)(၁)အဆိုပါ ပါတီ၏ဆုံးဖြတ်မှုကိုလွှမ်းမိုးစေသော၊ (သို့မဟုတ်) အဆိုပါ ပါတီ၏ကိုယ်စားလှယ်၊ (သို့မဟုတ်) အဆိုပါ အရာရှိ၏ တာဝန်လုပ်ဆောင်မှုကို လွှမ်းမိုးစေသောရည်ရွယ်ချက်၊ (၂) အဆိုပါ ပါတီအရာရှိ (သို့မဟုတ်) ကိုယ်စားလှယ်ကို ၄င်းတို့၏ ဥပဒေနှင့်ညီသော တာဝန်ဝတ္တရား ပျက်ပြားအောင်လုပ်ဆောင်ရန် တာဝန်ကိုဖောက်ဖျက်ရန် တိုက်တွန်းမှု ရည်ရွယ်ချက်(သို့မဟုတ်) (၃)မသမာသောအကျိုးအမြတ်ရယူမှုရည်ရွယ်ချက်

(သို့မဟုတ်)

(ခ)နိုင်ငံခြားတိုင်းပြည်တစ်ခု၊ (သို့မဟုတ်) အဖွဲ့အစည်းတစ်ခုကို ၄င်းတို့၏ ဩဇာအာဏာလွှမ်းမိုးရန် အဆိုပါ ပါတီ အရာရှိ၊ (သို့မဟုတ်) ကိုယ်စားလှယ်အားဖြားယောင်းသွေးဆောင်ခြင်း၊ (သို့မဟုတ်) ကော်ပိုရေးရှင်းအနေနှင့်မိမိ၏ လုပ်ငန်းရယူမှု၊ ထိန်းသိမ်းထားမှုအတွက်၊ (သို့မဟုတ်) လုပ်ငန်းကို ညွှန်ကြားမှုအတွက်၊ (သို့မဟုတ်)

(၃) နိုင်ငံခြားတိုင်းပြည်ရှိ နိုင်ငံရေးပါတီ၊ (သို့မဟုတ်) အရာရှိ၊ (သို့မဟုတ်) ကိုယ်စားလှယ်၊ (သို့မဟုတ်) နိုင်ငံရေး ပါတီရုံး၏ ကိုယ်စားလှယ်ကိုတိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သောနည်းဖြင့်သော်လည်းကောင်းငွေကြေးပမာဏအားလုံး(သို့မဟုတ်)တချို့၊ (သို့မဟုတ်) တန်ဖိုးရှိသော ပစ္စည်းတစ်ခုခု ပေးဆောင်မည်၊ (သို့မဟုတ်) ပေးရန်ကတိပေးမည် ဆိုသည်ကိုသိလျက်နှင့် အောက်ဖော်ပြပါရည်ရွယ်ချက်အတွက် လုပ်ဆောင်ခြင်း

**(က)**(၁)နိုင်ငံခြားတိုင်းပြည်အရာရှိ၊ နိုင်ငရေးပါတီ ပါတီ၏အရာရှိ၊ (သို့မဟုတ်) ပါတီဝင် ကိုယ်စားလှယ်၏ဆုံးဖြတ်ချက်ကို လွှမ်းမိုးစေသောရည်ရွယ်ချက်၊(သို့မဟုတ်) (၂)အဆိုပါ နိုင်ငံရေးအရာရှိ၊ နိုင်ငံရေးပါတီ၊ ပါတီအရာရှိ၊ (သို့မဟုတ်) ပါတီဝင်ကိုယ်စားလှယ်၏ ဥပဒေနှင့်ညီသောတာဝန် ဝတ္တရားကို ဖောက်ဖျက်သည့်အနေနှင့်လုပ်ဆောင်ရန် ဖြားယောင်းသွေးဆောင်မှုရည်ရွယ်ချက်(သို့မဟုတ်)
(၃) မသမာသောအကျိုးအမြတ်ရရန်ရည်ရွယ်ချက် (သို့မဟုတ်)

**(ခ)** အဆိုပါ အစ်ရှူးဝါး(ဆကျူရတီထုတ်ပေးသူ) (သို့မဟုတ်) ကော်ပိုရေးရှင်းက မိမိ၏လုပ်ငန်းရရှိရန်၊ ဆက်လက်ထိန်းသိမ်းထားရန်၊ (သို့မဟုတ်) အဆိုပါလုပ်ငန်းကို ညွှန်ကြားရန်နှင့် ပတ်သက်၍ အထောက်အကူပြုသည့် အနေဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုသော်လည်းကောင်း၊ အဆိုပါ နိုင်ငံခြားအရာရှိ၊ နိုင်ငံရေးပါတီ၊ ပါတီအရာရှိ၊ ကိုယ်စားလှယ်တို့ကို နိုင်ငံခြားအစိုးရတစ်ခု၊ (သို့မဟုတ်) အသင်းအဖွဲ့၏ ဆုံးဖြတ်မှုအား ဩဇာအာဏာလွှမ်းမိုးရန်ရည်ရွယ်ချက်ဖြင့် ဖြားယောင်းသွေးဆောင်ခြင်း၊
စသည့်အထက်ပါလုပ်ရပ်တို့သည် နိုင်ငံခြားကူးသန်းရောင်းဝယ်မှုတွင် ဥပဒေအရ ပိတ်ပင်တားမြစ်ထားသော လုပ်ရပ်များ ဖြစ်သည်။

## <u>(ခ) ပုံမှန်အစိုးရလုပ်ထုံးလုပ်ငန်းများအတွက် ဥပဒေခြွင်းချက်</u>

ဤအခန်း၏ဥပဒေအခန်းငယ် (အေ) နှင့် (ဂျီ) ဥပဒေမှာ အောက်ဖော်ပြအချက်များအကျုံးမဝင်ပါ။
နိုင်ငံခြားအရာရှိ၊ နိုင်ငံရေးပါတီ၊ (သို့မဟုတ်) ပါတီအရာရှိအနေဖြင့် ထမ်းဆောင်ရန်လိုသော ပုံမှန်အစိုးရလုပ်ရန်အတွက် လုပ်ဆောင်ပေးရန်၊ (သို့မဟုတ်) လျင်မြန်စွာလုပ်ဆောင်ပေးရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံခြားအရာရှိ၊ ပါတီ၊ ပါတီအရာရှိအား တရားဝင် ပေးဆောင်မှုသည ဤဥပဒေအရအကျုံးမဝင်ပါ။

## (ဂ) တရားပြိုင်၏ ခုခံချေပပိုင်ခွင့်များ

(က)ထုတ်ကုန်ပစ္စည်း၊ (သို့မဟုတ်) ဝန်ဆောင်မှုပစ္စည်းကိုအရောင်းမြှင့်တင်ရန်၊ ရှင်းပြရန်၊ သုံးစွဲပုံကိုသွန်သင်ပြသရန် အတွက် တိုက်ရိုက်သက်ဆိုင်သောပေးဆောင်မှု
(ခ)ဤကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံခြားအစိုးရ၊ တိုင်းပြည်တစ်ခု၊ (သို့မဟုတ်) အေဂျင်စီတစ်ခုနှင့် စာချုပ်စာတမ်းချုပ်ဆိုရန် ရည်ရွယ်၍ လုပ်ဆောင်ခဲ့သော **အောက်ပါလုပ်ဆောင်မှုများ**သည် ဤဥပဒေအခန်းငယ် (အေ) (သို့မဟုတ်) (ဂျီ) အရအကျုံးဝင်သော တရားပြိုင်၏ ခုခံချေပပိုင်ခွင့်များ ဖြစ်သည်။

(၁)ငွေကြေးပေးဆောင်ခဲ့မှု၊ လက်ဆောင်ပေးခဲ့မှု၊ ကမ်းလှမ်းခဲ့မှု (သို့မဟုတ်) တန်ဖိုးရှိသော ပစ္စည်းတစ်ခုခုပေးရန် ကတိပေးခဲ့မှုသည် အဆိုပါနိုင်ငံခြားတိုင်းပြည်အရာရှိ၊ နိုင်ငံရေးပါတီ၊ ပါတီအရာရှိ ၊ (သို့မဟုတ်) ပါတီ ကိုယ်စားလှယ်၏ တိုင်းပြည်က ပြဋ္ဌာန်းထားသောဥပဒေအရ တရားဝင်ဖြစ်ရမည်။

(၂) ငွေကြေးပေးဆောင်ခဲ့မှု၊ လက်ဆောင်ပေးခဲ့မှု၊ ကမ်းလှမ်းခဲ့မှု၊ (သို့မဟုတ်) တန်ဖိုးရှိသော ပစ္စည်းတစ်ခုခုပေးရန် ကတိပေးခဲ့မှုတို့ကို သင့်တော်သောအနေအထားဖြင့်တရားဝင် ကုန်ကျစရတ် - ဥပမာ နိုင်ငံခြား တိုင်းပြည်အရာရှိ၊ ပါတီ၊ ပါတီအရာရှိ၊ ကိုယ်စားလှယ်ကိုယ်တိုင်သောလည်းကောင်း၊ ၎င်း၏ကိုယ်စားလှယ်သော်လည်းကောင်း ကုန်ကျသောခရီးသွားလာစရိတ်နှင့် တည်းခိုစားသောက်စရိတ်များ စသည်များပါဝင်သော ပေးဆောင်မှုမျိုး ဖြစ်ရမည်။

## (ဃ) ရှေ့နေချုပ်၏လမ်းညွှန်မှု

၁၉၈၈ ဩဂုတ်လ ၂၃ ရက်နောက်ပိုင်း တစ်နှစ်မကျော်ခင်တွင် အမေရိကန်နိုင်ငံရှေ့နေချုပ်သည် ကော်မရှင်အဖွဲ့ကြီး၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး၊ အမေရိကန်နိုင်ငံကုန်သွယ်ရေးကိုယ်စားလှယ်၊ နိုင်ငံခြားရေးဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီး တို့နှင့် ဆွေးနွေးပြီး၊ ထို့အပြင် ပြည်သူလူထုကို အသိပေးအကြံဉာဏ်ရယူခြင်းအားဖြင့် သက်ဆိုင်ရာ ပုဂ္ဂလ်များ၏ သဘောထားအမြင်ကိုခံယူပြီးနောက် ဤသို့ဆုံးဖြတ်ချက်ချရမည်။ ရှေ့နေချုပ်အနေဖြင့် ဤဥပဒေအခန်း နှင့် အညီမည်သို့သောအတိုင်းအတာကို ထပ်မံဖြည့်ဆည်းရမည်၊ မည်သို့သောအတိုင်းအတာအထိစီးပွားရေးလုပ်ငန်းများကို ဤ အခန်းကဏ္ဍမှာပါသည့် အချက်အလက်များကိုရှင်းပြ၍အကူအညီပေးရမည်ဆိုသည်ကို ဆုံးဖြတ်ချက်ချလိမ့်မည်။ ဤသို့ ဆုံးဖြတ်ချက်အပေါ်တွင်အခြေခံ၍ သင့်တော်မည်၊ လိုအပ်မည်ဟုယူဆသည့် အတိုင်းအတာပေါ်မူတည်၍ ရှေ့နေချုပ်ရုံးက အောက်ဖော်ပြပါအချက်များကို ထုတ်ပြန်နိုင်သည်။

(၁) လုပ်ငန်းလုပ်ဆောင်မည့်သီးခြားပုံစံနှင့် ထုတ်ကုန်ပစ္စည်းရောင်းချရေးပုံစံနှင့် ပတ်သက်သော လမ်းညွှန်မှုများ၊ လုပ်ငန်း စာချုပ်စာတမ်းများနှင့်ပတ်သက်သည့် လမ်းညွှန်မှုများ၊ ထိုလမ်းညွှန်မှုများသည် နိုင်ငံတော်တရားရေးဌာန၏ လက်ရှိဥပဒေ စိုးမိုးရေးရည်ရွယ်ချက်အတွက် လမ်းညွှန်ထားသောလမ်းညွှန်မှုများ ဖြစ်သည်။ ရှေ့နေချုပ်ရုံးက ဤဥပဒေအခန်းတွင်ပါရှိသည့် အချက်နှင့်ကိုက်ညီမှုရှိမရှိကို ဆုံးဖြတ်မည့်လမ်းညွှန်ချက် နှင့်
(၂) ဤဥပဒေခန်းတွင်ပါရှိသောအချက်များနှင့်ပတ်သက်၍ နိုင်ငံတော်တရားရေးဌာန၏ လက်ရှိ ဥပဒေစိုးမိုးမှု မူဝါဒနှင့် ကိုက်ညီအောင် ကော်ပိုရေးရှင်း(အစ်ရှူဝါး) တို့မှ မိမိဖာသာအသုံးပြုမည့် အထွေထွေကြိုတင် ကာကွယ်မှုလုပ်စဉ်များ

ခေါင်းစဉ် ၅ အခန်း ၅ အခန်းငယ် ၂ ၏ ဥပဒေသများနှင့်အညီ ယခင်စာကြောင်းတွင်ရည်ညွှန်းထားသော လမ်းညွှန်မှုများ နှင့် လုပ်ရိုးလုပ်စဉ်များကို ရှေ့နေချုပ်က ထုတ်ပြန်လိမ့်မည်။ အဆိုပါ ထုတ်ဝေသောလမ်းညွှန်ချက်နှင့် လုပ်စဉ်များသည် ဤ ဥပဒေခေါင်းစဉ်၏ အခန်း ၇ ပါ ဥပဒေများနှင့် အကျုံးဝင်စေရမည်။

## (င) အထွေထွေရှေ့နေချုပ်၏ ဥပဒေမူဝါဒသဘောထားများ

(၁) အမေရိကန်နိုင်ငံအစိုးရ၏ သင့်တော်သောဌာနများ၊ အေဂျင်စီများနှင့် ဆွေးနွေးတိုင်ပင်ပြီး ပြည်သူလူထုကို အသိပေး ဆန္ဒခံယူပြီး သက်ဆိုင်ရာအကျိုးစီးပွားရှိသူ ပုဂ္ဂိုလ်များ၏ အမြင်သဘောထားကိုခံယူပြီးနောက် ရှေ့နေချုပ်သည် ဤသို့လမ်းညွှန်ချက်ကိုချမှတ်မည်။ ကော်ပိုရေးရှင်းအနေနှင့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းလုပ်ဆောင်မှုသည် ဤအခန်းတွင်ပါရှိသော ဥပဒေသများနှင့် ပတ်သက်သော တရားရေးဌာနက လက်ရှိဥပဒေစိုးမိုးရေး မူဝါဒနှင့်အညီ လုပ်ဆောင်မှုရှိမရှိ မေးမြန်းစုံစမ်းမှုကို ဖြေကြား ပေးရန် ရှေ့နေချုပ်ကနည်းလမ်းချမှတ်ပေးရမည်။ ဤသို့စုံစမ်းမှုအတွက် တောင်းဆိုမှုရပြီး ရက် ၃၀ အတွင်းတွင်အဆိုပါ တောင်းဆိုမှုကို တုံ့ပြန်၍ ရှေ့နေချုပ်က မိမိ၏ သဘောထားကိုထုတ်ပြန်ပေးရမည်။ ထိုထင်မြင်ယူဆချက်သည် တစုံတရာသောလုပ်ရပ်က တရားရေးဌာန၏ လက်ရှိဥပဒေစိုးမိုးရေးမူဝါဒနှင့် ကိုက်ညီမှုရှိသည် မရှိသည်၊ (သို့မဟုတ်) ဤဥပဒေ အခန်းကဏ္ဍရှိဥပဒေသများကို ချိုးဖောက်မှုရှိသည် မရှိသည်ကိုဖော်ပြ ရမည်။ ယခင်ကစုံစမ်းစစ်ဆေးတောင်းဆိုချက်တွင်ပါသည့် အချက်ထက်ကျော်လွန်သည့် သီးခြားလုပ်ဆောင်မှုများ နှင့်ပတ်သက်၍ စုံစမ်းလိုပါက ရှေ့နေချုပ်ရုံးထံ ၎င်း၏သဘောထားအမြင်ကို ထပ်မံလျှောက်ထားတောင်းဆိုနိုင်သည်။ ဤအခန်းကဏ္ဍ ၏ အကျုံးဝင်သော ဥပဒေသများအရ အရေးယူ ဆောင်ရွက်ရာတွင် ရှေ့နေချုပ်ရုံးက ဤသို့ ကော်ပိုရေးရှင်း (အစ်ရှူးဝါး) ၏ လုပ်ရပ်သည် တရားရေးဌာန၏ ဥပဒေစိုးမိုးမှု မူဝါဒနှင့် ကိုက်ညီမှုရှိသည်၊ ဤဥပဒေအခန်းပါ ဥပဒေသများနှင့်ကိုက်ညီ သည်ဟု ရှေ့နေချုပ်က ထင်မြင်ယူဆချက်ထုတ်ပြန်ပေးသောလုပ်ရပ်သည် မှန်ကန်သည်ဟူ၍ ယူဆရမည်။ ဤသို့ယူဆချက်ကို အထောက်အထား အခိုင်အမာတင်ပြခြင်းအားဖြင့် ချေပနိုင်ရမည်။ ဤအပိုဒ်ပါရည်ရွယ်ချက် အတွက် ယူဆမှုကိုစဉ်းစားရာတွင် တရားရုံးတစ်ခုကသက်ဆိုင်ရာ အကြောင်းတရားများအားလုံးကို ချိန်ဆစဉ်းစားရမည်။ ထိုသက်ဆိုင်ရာအချက်အလက်များဆိုသည်မှာ ရှေ့နေချုပ်ကို တင်သွင်းသော အချက်အလက်များသည် မှန်ကန်မှုရှိ မရှိ၊ ပြည့်စုံ မှုရှိ မရှိ ရှေ့နေချုပ်ရုံးက လက်ခံရရှိထားသော လုပ်ငန်းလုပ်ဆောင်မှုအတိုင်းအတာဘောင်အတွင်းတွင် ရှိ မရှိတို့ပါဝင်သည်။ ခေါင်းစဉ် ၅ အခန်း ၅ အခန်းငယ် ၂ ပါအချက်နှင့်အညီ ဤအပိုဒ်ကလိုအပ်သော လုပ်ထုံးလုပ်စဉ်ကိုရှေ့နေချုပ်ရုံးက သတ်မှတ်ရမည်။ ထိုလုပ်ရိုးလုပ်စဉ်မှာလည်း ထိုဥပဒေခေါင်းစဉ်၏ အခန်း ၇ ဥပဒေသများနှင့် အကျုံးဝင်ရမည်။

(၂) ဥပဒေအပိုဒ် (၁) အရချမှတ်ထားသော လုပ်ရိုးလုပ်စဉ်အရ ကော်ပိုရေးရှင်း (အစ်ရှူးဝါး)တစ်ခုက စုံစမ်းတောင်းဆိုမှုနှင့် ပတ်သက်၍ အမေရိကန်နိုင်ငံ တရားရေးဌာန၊ (သို့မဟုတ်) အခြားဌာနတစ်ခုခု၊ (သို့မဟုတ်) အေဂျင်စီက ပြင်ဆင်ရယူပေးပို့ထားသော မည်သည့်စာရွက်စာတမ်းကိုမဆို ခေါင်းစဉ် ၅ ခန်း ၅၅၂ ဥပဒေအရ လူသိရှင်ကြား ထုတ်ဖော်ပြောရန်မလိုပါ။ ခြွင်းချက် အနေနှင့် ရှေ့နေချုပ်က ကော်ပိုရေးရှင်းကို ဤစုံစမ်းစစ်ဆေးရန် တောင်းဆိုမှုကို အကြောင်းပြန်ကြားသည်ဖြစ်စေ၊ မပြန်ကြားသည်ဖြစ်စေ ကော်ပိုရေးရင်းက စုံစမ်းမှုကို ရုပ်သိမ်းသည်သော်လည်းကောင်း၊ ကော်ပိုရေးရှင်း၏ သဘောတူ ညီချက်ဖြင့်သာလျှင် လူသိရှင်ကြား ကြေညာနိုင်သည်။

(၃) အပိုဒ် ၁ အရ ရှေ့နေချုပ်ရုံးထံ စုံစမ်းမှုပြုသူ မည်သည့်အမေရိကန်နိုင်ငံ ဥပဒေလက်အောက်တွင်လုပ်ဆောင နေသူတို့သည် ရှေ့နေချုပ်ရုံးက မဖြေကြားခင်တွင် ရုတ်သိမ်းပိုင်ခွင့်ရှိသည်။ ဤသို့ရုတ်သိမ်းမှုကိုတောင်းဆိုချက် မှာ မည်သို့မျှအကျိုးမသက်ရောက်စေရ။

(၄) အလားအလာရှိသည့် ထုတ်ကုန်လုပ်ငန်းရှင်နှင့် အသေးစားလုပ်ငန်းများ များအနေဖြင့် ဤဥပဒေသများဆိုင်ရာ ကိစ္စရပ်များအတွက် သီးခြားအကြံဉာဏ်မရနိုင်သည့်အခါတွင် ရှေ့နေချုပ်မှနေ၍ ၎င်းတို့အား တရားရေးဌာန၏ လက်ရှိဥပဒေစိုးမိုးရေး မူဝါဒများနှင် ပတ်သက်သည့် လမ်းညွှန်မှုများကို အချိန်မီအဖြစ်နိုင်ဆုံး၊ လက်တွေ့အကျဆုံးပံ့ပိုးပေးရမည်။ ဤလမ်းညွှန်မှုသည် ဥပဒေ အပိုဒ်(၁) အရ တောင်းဆိုချက်ကိုတုံ့ပြန်မှုအတွက်သာလျှင် အကန့်အသတ်ဖြစ်ရမည်။ ထို့အပြင်

ဤဥပဒေအခန်း၏ လိုအပ်ချက်များနှင့် ပတ်သက်၍ တရားရေးဌာန၏ လက်ရှိဥပဒေစိုးမိုးမှု မူဝါဒနှင့် ပတ်သက်ပြီး အလားအလာလုပ်ဆောင်မှုမျိုးသည် တရားရေးရာဌာန၏ လက်ရှိဥပဒေစိုးမိုးမှု မူဝါဒနှင့်ကိုက်ညီမှု ရှိ မရှိ နှင့်ပတ်သက်သည့် လမ်းညွှန်မှုမျိုးဖြစ်ရမည်။ ထို့အပြင် ဤလမ်းညွှန်မှုသည် ဤဥပဒေအခန်းပါ အချက် အလက်များအရ လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို ပျက်ကွက်ပါက ခံစားရမည့် အပြစ်ဒဏ်များနှင့်၊ လျော်ကြေးများကို အထွေထွေရှင်းပြသည့် လမ်းညွှန်မှုဖြစ်ရမည်။

## (စ)အဓိပ္ပါယ်ဖွင့်လှစ်ချက်များ

ဤအခန်းကဏ္ဍအတွက်ရည်ရွယ်သည။

(၁) (က) **'နိုင်ငံခြားတိုင်းပြည်အရာရှိ'**-ဆိုသည့်စကားလုံးမှာ- နိုင်ငံခြားအစိုးရတစ်ခု၏မည်သည့်အရာရှိ၊ (သို့မဟုတ်) ဝန်ထမ်း၊ (သို့မဟုတ်) မည်သည့်ဌာန၊ (သို့မဟုတ်) အေဂျင်စီအဖွဲ့အစည်း၊ (သို့မဟုတ်) ပြည်သူ့အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း၊ (သို့မဟုတ်) မည်သည့်အစိုးရဌာန အေဂျင်စီအဖွဲ့အစည်း၏ကိုယ်စားပြု၊ (သို့မဟုတ်) အစိုးရ၏ တာဝန်ကို ထမ်းဆောင်နေသူ၊ (သို့မဟုတ်) အဆိုပါနိုင်ငံတကာအသင်းအဖွဲ့၏ကိုယ်စား တာဝန်ထမ်းဆောင်နေသူကိုဆိုလိုသည်။

(ခ) အေ အပိုဒ်ငယ်အတွက် - **'ပြည်သူ့အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း'**- ဆိုသည်မှာ

(၁)(၂၂ယူအက်စ်ဆီ၂၈၈) အပြည်ပြည်ဆိုင်ရာအသင်းအဖွဲ့ဥပဒေကင်းလွတ်ခွင့် အက်ဥပဒေ၏အခန်း ၁ တွင် ပြဌာန်း ထားသော နိုင်ငံတော်သမ္မတ၏အမိန့်နှင့် သတ်မှတ်ထားသော အဖွဲ့အစည်းတစ်ရပ်ရပ်နှင့် (သို့မဟုတ်)

(၂)နိုင်ငံတော်မှတ်တမ်းရုံးတွင် သမ္မတ၏အမိန့်နှင့် ဤဥပဒေပါ ရည်ရွယ်ချက်နှင့် အမိန့်ထုတ်ပြန်ထားသည့် နေ့မှစ၍ တရားဝင်သတ်မှတ်ထားသည့် အပြည်ပြည်ဆိုင်ရာ အခြားအသင်းအဖွဲ့တစ်ခု

(၂) (က) ပုဂ္ဂိုလ်တစ်ယောက်၏စိတ်တွင် **'သိသည'** ဆိုသည့်သဘောမှာ အခြေအနေလုပ်ငန်းတစ်ခုခုနှင့် ပတ်သက်ပြီး ဆိုလိုသည်၊ (သို့မဟုတ်) အကယ်၍

(၁)အဆိုပါပုဂ္ဂိုလ်သည် ဤသို့လုပ်ဆောင်နေသည်ဆိုသည်ကို သတိပြုမိသည်။ ဤသို့အခြေအနေဖြစ်ပျက်သည် ဆိုသည်ကို သတိပြုမိသည်။ ဤသို့ရလဒ်သည် ကျိန်းသေဖြစ်ပေါ်လာမည်ကိုသိသည်၊ (သို့မဟုတ်)

(၂)ဤပုဂ္ဂိုလ်အနေနှင့် ဤအခြေအနေ ဖြစ်ပေါ်သည်ဆိုသည်ကိုခိုင်ခိုင်မာမာယုံကြည်မှု ရှိနေသည်၊ (သို့မဟုတ်) ဤအကျိုးဆက်တရား ကျိန်းသေဖြစ်ပေါ်မည်ဆိုသည်ကို သိနေသည် ဆိုသည့်အဓိပ္ပါယ်ဖြစ်သည်။

(ခ)အကယ်၍ပုဂ္ဂိုလ်တစ်ယောက်သည် ပြစ်မှုကျူးလွန်ရန်အနေအထား ရှိသောအခြေအနေကို သိလျှင်ထိုသူသည် ပြစ်မှုကျူးလွန်ရန်သိသည်ဟုယူဆသည်။ ခြွင်းချက်အနေနှင့်ထိုပုဂ္ဂိုလ်မှာ ဤအခြေအနေအမှန်တကယ်မဖြစ်ပါဟု အမှန်တကယ်ယုံကြည်နေလျှင်အကျုံးမဝင်ပါ။

(၃) (က) **'ပုံမှန်အစိုးရလုပ်ရိုးလုပစဉ်များ'**ဆိုသည်မှာ

(၁)နိုင်ငံရပ်ခြားတိုင်းပြည်တစ်ခုတွင် စီးပွားရေးလုပ်ငန်းလုပ်ဆောင်ရန် လူတစ်ဦးတစ်ယောက်က လုပ်ပိုင်ခွင့်ရရှိရန် ပါမစ်၊ လိုင်စင်များ၊ (သို့မဟုတ်) အခြားရုံးစာရွက်စာတမ်းများရရှိရန်အတွက် နိုင်ငံခြားအရာရှိက ပုံမှန်လုပ်ဆောင်နေသော လုပ်ဆောင်မှုတစ်ရပ

(၂)အစိုးရ၏ စာရွက်စာတမ်းများဖြစ်သည့် ဗီဇာ၊ အလုပ်အမိန့်စာရရှိရေးအတွက် လုပ်ဆောင်သည့်လုပ်ရပ်

(၃)ရဲ၏အကာအကွယ်ရယူရေး၊ ရဲမှအကာအကွယ်ပေးရေး၊ စာပို့စနစ်မှစာသိမ်းစာဝေခြင်းလုပ်ရပ်၊ စာချုပ်စာတမ်းနှင့် ပတ်သက်၍ စစ်ဆေးမှု၊ တိုင်းပြည်အဝန်းကုန်စည်ပို့ဆောင်မှုနှင့်ပတ်သက်သည့် စစ်ဆေးမှုများလုပ်ဆောင်မှုနှင့် ပတ်သက်သည့်လုပ်ရပ်များ

(၄)တယ်လီဖုန်းတပ်ဆင်မှု၊ လျှပ်စစ်နှင့်ရေအားပံ့ပိုးပေးမှု၊ ကုန်ပစ္စည်းများ တင်ချမှု၊ ပျက်စီးလွယ်သောပစ္စည်းများ၊ ပျက်စီးမှု ယိုယွင်းမှုမှ ကာကွယ်တားဆီးရေးကိစ္စရပ်များ၊ (သို့မဟုတ်)

(၅)အလားတူသဘောသဘာဝရှိသောလုပ်ရပ်များ

ကို'**ပုံမှန်အစိုးရလုပ်ရိုးလုပ်စဉ်များ**' ဟုအဓိပ္ပါယ်ရပါသည်။

(ခ) '**ပုံမှန်အစိုးရလုပ်ရိုးလုပ်စဉ်များ**'ဆိုသည့်စကားလုံးမှာ နိုင်ငံခြားအရာရှိ၏ဆုံးဖြတ်ချက် မပါဝင်ပါ။ ဆိုလိုသည်မှာငင်း ဆုံးဖြတ်မှုသည် လုပ်ငန်းသစ်တစ်ခုကိုလုပ်ပိုင်ခွင့်ပေးသည့် သီးခြားပါတီတစ်ခုနှင့် လုပ်ငန်းဆက်လက်လုပ်ဆောင်ခွင့် ပေးသည်ဖြစ်စေ၊ ထိုစီးပွားရေးလုပ်ငန်းသစ်တစ်ခုကို လုပ်ပိုင်ခွင့်ပေးရန်နှင့် ပါတီတစ်ခုနှင့်စီးပွားရေးလုပ်ငန်းဆက်လုပ် ခွင့်ပေးရန် အားပေးသည့်နိုင်ငံခြားအရာရှိ၏ လုပ်ရပ်များနှင့်အကျုံးမဝင်ပါ။

## (ဆ) အခြားနည်းဖြင့် တရားစီရင်မှု

(၁) အမေရိကန်နိုင်ငံ ဥပဒေအရ ဖွဲ့စည်းထားသော ကော်ပိုရေးရှင်း (အစ်ရှူးဝါး) (သို့မဟုတ်) အမေရိကန်နိုင်ငံ ပိုင်နက် (သို့မဟုတ်) အမေရိကန်နိုင်ငံဓနသဟာရ နယ်ပယ် (သို့မဟုတ်) အမေရိကန်နိုင်ငံ နိုင်ငံရေးဌာနခွဲ တစ်ခုခုနှင့် ဤဥပဒေခေါင်းစဉ် အခန်း(၁၂) အရ ဈေးကွက်တွင်မှတ်ပုံတင်ထားသော မည်သည့် ကော်ပရေးရှင်းမဆို (သို့မဟုတ်) အဆိုပါကော်ပိုရေးရှင်း၏ အရာရှိတစ်ဦးဦး၊ ညွှန်ကြားရေးမှူး၊ ဝန်ထမ်း၊ ကိုယ်စားလှယ် (သို့မဟုတ်) အစုရှယ်ယာဝင်တစ်ဦးဦးသည် အမေရိကန်နိုင်ငံပြည်ပတွင် အကျင့်ပျက်ပြားစွာဖြင့် ငွေကြေး (သို့မဟုတ်) လက်ဆောင် (သို့မဟုတ်) တန်ဖိုးရှိသောပစည်းတစ်ခုခုကို ပေးဆောင်ရန် ကြိုတင်ကမ်းလှမ်းခြင်း၊ ပေးဆောင်မှုပြုခြင်း၊ ငွေကြေးပေးရန် ကတိပေးခြင်း၊ ငွေကြေးပေးရန် ခွင့်ပြုခြင်း၊ ပြုလုပ်ခြင်းသည် တရားမဝင်ဖြစ်ရမည်။ ထိုသို့ ပေးဆောင်ရာတွင် အမေရိကန်နိုင်ငံမှ ပုဂ္ဂိုလ်သည် ထိုသို့ ငွေကြေး၊ လက်ဆောင်ပစ္စည်းပေးအပ်မှုကို စာပို စနစ်မှသော်လည်းကောင်း (သို့မဟုတ်) အခြားနည်းဖြင့်သော်လည်းကောင်း (သို့မဟုတ်) ပြည်နယ်အတွင်း နိုင်ငံခြားတိုင်းပြည်အတွင်း ကူးသန်းရောင်းဝယဖောက်ကားမှုပြုသူ ကိုယ်စားလှယ်ကတဆင့်သော်လည်းကောင်း ပေးဆောင်မှုများအားလုံးသည် ဥပဒေအရ တရားမဝင်ဖြစ်ရမည်။

(၂) ဤဥပဒေ အခန်းငယ်တွင်သုံးထားသကဲ့သို့ '**အမေရိကန်နိုင်ငံမှ ပုဂ္ဂိုလ်**' ဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားအက်ဥပဒေ (၈ ယူအက်စ်ဆီ ၁၁၀၁) ၏အခန်း (၁၀၁) တွင် အဓိပ္ပာယ်ဖွင့်လှစ်ထားသော အမေရိကန်နိုင်ငံသားတစ်ယောက် (သို့မဟုတ်) အမေရိကန်နိုင်ငံ၏ တရားဥပဒေအရသော်လည်းကောင်း၊ အမေရိကန်နိုင်ငံ၏ ပိုင်နက် (သို့မဟုတ်) အမေရိကန်နိုင်ငံဓနသဟာရ နယ်ပယ်အတွင်းဖွဲ့စည်းထားသော မည်သည့်ကော်ပိုရေးရှင်းဖက်စပ်လုပ်ငန်း၊ အသင်းအဖွဲ့၊ ပူးတွဲအစုရှယ်ယာပိုင်ကုမ္ပဏီ၊ ဦးပိုင်လုပ်ငန်းအဖွဲ့ အစည်းတို့ နှင့် မည်သည့် နိုင်ငံရေးပါတီအဖွဲ့ ခွဲကိုမဆို ဆိုလိုသည်။

## ၇၈ဒီဒီ-၂ နိုင်ငံခြားတွင်ကူးသန်းရောင်းဝယ်မှုနှင့် ပတ်သက်သည့် ဥပဒေအရ ဒိုမက်စတစ်ကွန်ဆန်း (အမေရိကန်နိုင်ငံသား၊ အမေရိကန်နိုင်ငံတွင်နေထိုင်သူ(သို့မဟုတ်) အမေရိကန်နိုင်ငံ၏ ဥပဒေဘောင်တွင်အကျုံးဝင်သော ကော်ပိုရေးရှင်း) တို့ ကို ပိတ်ပင်တားမြစ်ထားသည့် လုပ်ငန်း ကျင့်သုံးမှုများ

## (က) ပတ်ပင်တားမြစ်မှု

ဤဥပဒေခေါင်းစဉ်၏ အခန်း ၇၈ဒီဒီ- ၁ နှင့်အကျုံးဝင်သည့် ကော်ပိုရေးရှင်း (အစ်ရှူးဝါး) မှလွဲ၍ **ဒိုမက်စတစ်ကွန်ဆန်း** အနေဖြင့်သော်လည်းကောင်း၊ အဆိုပါကော်ပိုရေးရှင်း၏အရာရှိ၊ ညွှန်ကြားရေးမှူး၊ အလုပ်သမားကိုယ်စားလှယ်၊ (သို့မဟုတ်) အဆိုပါ ကော်ပိုရေးရှင်း၏ ကိုယစားပြု အစုရှယ်ယာဝင်တို့သည် စာတိုက်မှသော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း၊ ပြည်နယ်အတွင်း၊ နိုင်ငံခြားတိုင်းပြည်အတွင်း ကူးသန်းရောင်းဝယ်မှုပြုသူ ကိုယ်စားလှယ်အားဖြင့်သော်လည်းကောင်း ငွေကြေး ပေးဆောင်ရန်ကြိုတင်ကမ်းလှမ်းမှု၊ ငွေကြေး (သို့မဟုတ်) လက်ဆောင်(သ့မဟုတ်)တန်ဖိုးရှိသော ပစည်း တစ်ခုခုပေးရန်ကတိပေးရန်နှင့် ပေးရန်အမိန့်ပေးခြင်း၊ ပြုလုပ်ခြင်းစသည်တို့ကို ----

(၁) အောက်ပါရည်ရွယ်ချက်များဖြင့် နိုင်ငံခြားတိုင်းပြည်တွင်ရှိသော အရာရှိအား
(က)(၁) နိုင်ငံခြားတိုင်းပြည်တွင်ရှိသော အရာရှိ၏ဆုံးဖြတ်မှုကို အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက်ကြောင့် သော်လည်းကောင်း(၂) အဆိုပါအရာရှိ၏ ဥပဒေနှင့်အညီ ထမ်းဆောင်သောတာဝန်ကို ဖောက်ဖျက်ရန်သော်လည်းကောင်း၊ ပပျောက် အောင်သော်လည်းကောင်း ဖြားယောင်းသွေးဆောင်ရန် ရည်ရွယ်ချက်ဖြင့်သော်လည်းကောင်း(သို့မဟုတ်) (၃)မသမာသောအကျိုးအမြတ်ရရှိရေးအတွက်သော်လည်းကောင်း၊

(သို့မဟုတ်)

(ခ) နိုင်ငံခြားတိုင်းပြည်အစိုးရနှင့်ပတ်သက်၍ နိုင်ငံခြားတင်းပြည်ရှိ အရာရှိအား ဩဇာအာဏာလွှမ်းမိုးရန် ဖြားယောင်း သွေးဆောင်ခြင်း ရည်ရွယ်ချက်ဖြင့်၊ (သို့မဟုတ်) အဆိုပါအစိုးရ၏ဆုံးဖြတ်ချက်ကိုလွှမ်းမိုးရန် နိုင်ငံခြားတိုင်းပြည် အရာရှိကို ဖြားယောင်းသွေးဆောင်မှု၊ ထိုပုဂ္ဂိုလ်အား လုပ်ငန်းရယူမှုအတွက်၊ လုပ်ငန်းလုပ်ဆောင်မှုအတွက်၊ လုပ်ငန်းနှင့် ပတ်သက်၍ ညွှန်ကြားမှုအတွက်အထောက်အကူပြုသည့် အနေဖြင့် မည်သည့်နိုင်ငံခြားတိုင်းပြည်အရာရှိကိုမျှ ငွေကြေး လက်ဆောင်ပေးခြင်းမျိုးသည် ဥပဒေနှင့်မညီပါ။

(၂) နိုင်ငံခြားတိုင်းပြည်၏ နိုင်ငံရေးပါတီ၊ (သို့မဟုတ်) အရာရှိ၊ (သို့မဟုတ်) နိုင်ငံရေးပါတီရုံးအတွက်ကိုယ်စားပြုသောကိုယ်စားလှယ် (က) (၁) အဆိုပါ ပါတီ၏ဆုံးဖြတ်မှုကိုလွှမ်းမိုးစေသော၊ (သို့မဟုတ်) အဆိုပါ ပါတီ၏ကိုယ်စားလှယ်၊ (သို့မဟုတ်) အဆိုပါ အရာရှိ၏ တာဝန်လုပ်ဆောင်မှုကို လွှမ်းမိုးစေသောရည်ရွယ်ချက် (၂) အဆိုပါ ပါတီအရာရှိ၊ (သို့မဟုတ်) ကိုယ်စားလှယ်ကို ၎င်းတို့၏ ဥပဒေနှင့်ညီသော တာဝန်ဝတ္တရား ပျက်ပြားအောင်လုပ်ဆောင်ရန် တာဝန်ကိုဖောက်ဖျက်ရန် တိုက်တွန်းမှု ရည်ရွယ်ချက်(သို့မဟုတ်)(၃) မသမာသောအကျိုးအမြတ်ရယူမှုရည်ရွယ်ချက်

(သို့မဟုတ်)

(ခ) နိုင်ငံခြားတိုင်းပြည်တစ်ခု၊ (သို့မဟုတ်) အဖွဲ့အစည်းတစ်ခုကို ၎င်းတို့၏ ဩဇာအာဏာလွှမ်းမိုးရန် အဆိုပါ ပါတီ အရာရှိ၊ (သို့မဟုတ်) ကိုယ်စားလှယ်အားဖြားယောင်းသွေးဆောင်ခြင်း၊ (သို့မဟုတ်) အဆိုပါအစိုးရအဖွဲ့ အစည်း၏ ဆုံးဖြတ်ချက်ကို လွှမ်းမိုးနိုင်သော လုပ်ရပ် လုပ်ဆောင်ရန် ဖြားယောင်းသွေးဆောင်မှု၊ တိုက်တွန်းမှုရည်ရွယ်ချက် (သို့မဟုတ်) ကော်ပိုရေးရှင်းအနေနှင့်မိမိ၏ လုပ်ငန်းရယူမှု၊ ထိန်းသိမ်းထားမှုအတွက်၊ (သို့မဟုတ) လုပ်ငန်းကို ညွှန်ကြားမှုအတွက်၊

(၃) နိုင်ငံခြားတိုင်းပြည်ရှိ နိုင်ငံရေးပါတီ၊ (သို့မဟုတ်) အရာရှိ၊ (သို့မဟုတ်) ကိုယ်စားလှယ်၊ (သို့မဟုတ်) နိုင်ငံရေး ပါတရုံး၏ ကိုယ်စားလှယ်ကိုတိုက်ရိုက်သော်လည်းကောင်း၊သွယ်ဝိုက်သောနည်းဖြင့်သော်လည်းကောင်းငွေကြေးပမာဏ၊ (သို့မဟုတ်) တန်ဖိုးရှိသော ပစည်းတစ်ခုခု ပေးဆောင်မည်၊ (သို့မဟုတ်) ပေးရန်ကတိပေးမည် ဆိုသည်ကိုသိလျက်နှင့် လုပ်ဆောင်ခြင်း (က)(၁)နိုင်ငံခြားတိုင်းပြည်အရာရှိ၊ နိုင်ငံရေးပါတီ ပါတီ၏အရာရှိ၊ (သို့မဟုတ်) ပါတီဝင် ကိုယ်စားလှယ်၏ဆုံးဖြတ်ချက်ကို လွှမ်းမိုးစေသောရည်ရွယ်ချက်ဖြင့်လည်းကောင်း (၂) အဆိုပါ နိုင်ငံရေးအရာရှိ၊ နိုင်ငံရေးပါတီ၊ ပါတီအရာရှိ၊ (သို့မဟုတ်) ကိုယ်စားလှယ်၏ ဥပဒေနှင့်ညီသောတာဝန် ဝတ္တရားကို ဖောက်ဖျက်သည့်အနေနှင့်လုပ်ဆောင်ရန်ဖြားယောင်းသွေးဆောင်မှု(၃)မသမာသောအကျိုးအမြတ်ရရန်ရည်ရွယ်ချက် ဖြင့်လည်းကောင်း

(သို့မဟုတ်)

**(ခ)** အဆိုပါကော်ပိုရေးရှင်းက မိမိ၏လုပ်ငန်းရရှိရန်၊ ဆက်လက်ထိန်းသိမ်းထားရန်၊ (သို့မဟုတ်) အဆိုပါလုပ်ငန်းကို ညွှန်ကြားရန်နှင့် ပတ်သက်၍ အထောက်အကူပြုရန် အနေဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုသော်လည်းကောင်း၊ အဆိုပါ နိုင်ငံခြားအရာရှိ၊ နိုင်ငံရေးပါတီ၊ ပါတီအရာရှိ၊ ကိုယ်စားလှယ်တို့ကို နိုင်ငံခြားအစိုးရတစ်ခု၊ (သို့မဟုတ်) အသင်းအဖွဲ့၏ ဆုံးဖြတ်မှုအား သြဇာအာဏာလွှမ်းမိုးရန်ရည်ရွယ်ချက်ဖြင့် ဖြားယောင်းသွေးဆောင်ခြင်း
စသည် တို့သည် နိုင်ငံခြားကူးသန်းရောင်းဝယ်မှုတွင် ဥပဒေအရ ပိတ်ပင်တားမြစ်ထားသော လုပ်ရပ်များ ဖြစ်သည်။

## (ခ) ပုံမှန်အစိုးရလုပ်ထုံးလုပ်ငန်းများအတွက်ခြွင်းချက်

ဤအခန်း၏ဥပဒေအခန်းငယ် (အေ) နှင့် (အိုင်) ဥပဒေမှာ အောက်ဖော်ပြအချက်များအကျုံးမဝင်ပါ။
နိုင်ငံခြားအရာရှိ၊ နိုင်ငံရေးပါတီ၊ (သို့မဟုတ်) ပါတီအရာရှိအနေဖြင့် ထမ်းဆောင်ရန်လိုသော ပုံမှန်အစိုးရလုပ်ရန်အတွက် လုပ်ဆောင်ပေးရန်၊ (သို့မဟုတ်) လျင်မြန်စွာလုပ်ဆောင်ပေးရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံခြားအရာရှိ၊ ပါတီ၊ ပါတီအရာရှိအား တရားဝင် ပေးဆောင်မှုသည် ဤဥပဒေအရအကျုံးမဝင်ပါ။

## (ဂ) တရားပြိုင်၏ ခုခံချေပပိုင်ခွင့်များ

(က)ထုတ်ကုန်ပစ္စည်း၊ (သို့မဟုတ်) ဝန်ဆောင်မှုပစ္စည်းကိုအရောင်းမြှင့်တင်ရန်၊ ရှင်းပြရန်၊ သုံးစွဲပုံကိုသွန်သင်ပြသရန် အတွက် တိုက်ရိုက်သက်ဆိုင်သောပေးဆောင်မှု
(ခ)ဤကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံခြားအစိုးရ၊ တိုင်းပြည်တစ်ခု၊ (သို့မဟုတ်) အေဂျင်စီတစ်ခုနှင့် စာချုပ်စာတမ်းချုပ်ဆိုရန ရည်ရွယ်၍ လုပ်ဆောင်ခဲ့သော **<u>အောက်ပါလုပ်ဆောင်မှုများ</u>**သည် ဤဥပဒေအခန်းငယ် (အေ) (သို့မဟုတ်) (အိုင်) အရအကျုံးဝင်သော တရားပြိုင်၏ ခုခံချေပပိုင်ခွင့်များ ဖြစ်သည်။

(၁)ငွေကြေးပေးဆောင်ခဲ့မှု၊ လက်ဆောင်ပေးခဲ့မှု၊ ကမ်းလှမ်းခဲ့မှု၊ (သို့မဟုတ်) တန်ဖိုးရှိသော ပစ္စည်းတစ်ခုခုပေးရန ကတိပေးခဲ့မှုသည် အဆိုပါနိုင်ငံခြားတိုင်းပြည်အရာရှိ၊ နိုင်ငံရေးပါတီ၊ ပါတီအရာရှိ ၊ (သို့မဟုတ်) ပါတီ ကိုယ်စားလှယ်၏ တိုင်းပြည်က ပြဌာန်းထားသောဥပဒေအရ တရားဝင်ဖြစ်ရမည်။

(၂) ငွေကြေးပေးဆောင်ခဲ့မှု၊ လက်ဆောင်ပေးခဲ့မှု၊ ကမ်းလှမ်းခဲ့မှု၊ (သို့မဟုတ်) တန်ဖိုးရှိသော ပစ္စည်းတစခုခုပေးရန် ကတိပေးခဲ့မှုတို့ကို သင့်တော်သောအနေအထားဖြင့်တရားဝင် ကုန်ကျစရတ် - ဥပမာ နိုင်ငံခြား တိုင်းပြည်အရာရှိ၊ ပါတီ၊ ပါတီအရာရှိ၊ ကိုယ်စားလှယ်ကိုယ်တိုင်သော်လည်းကောင်း၊ ၎င်း၏ကိုယ်စားလှယ်သော်လည်းကောင်း ကုန်ကျသောခရီးသွားလာစရိတ်နှင့် တည်းခိုစားသောက်စရိတ်များ စသည်များပါဝင်သော ပေးဆောင်မှုမျိုး ဖြစ်ရမည်။

## (ဃ)ငွေကြေးဆုံးရှုံးမှုအစားအခြားနစ်နာကြေးပေးမှု

(၁) ဤဥပဒေဘောင်တွင် အကျုံးဝင်သော မည်သည့် **ဒိုမက်စတစ်ကွန်ဆန်း** (သို့မဟုတ်) ၎င်း၏ အရာရှိတစ်ယောက်၊ (သို့မဟုတ်) ညွှန်ကြားရေးမှူး၊ (သို့မဟုတ်) ဝန်ထမ်း၊ (သို့မဟုတ်) ကိုယ်စားလှယ တစ်ယောက်၊ (သို့မဟုတ်) အစုရှယ်ယာဝင်သည် ဤအခန်းကဏ္ဍ၏အခန်းငယ် (အေ)၊ (သို့မဟုတ်) အခန်းငယ်(အိုင်) ကိုဥပဒေချိုးဖောက်မှုတစ်ခုဖြစ်စေသည့် မည်သည့် လုပ်ရပ်ကိုမဆို ချိုးဖောက်မှုကိုလုပ်လျှင်၊ လုပ်ရန်ကြိုးပမ်းအားထုတ်လျှင်၊ လုပ်ဆောင်နေသည်၊ လုပ်ဆောင်တော့မည်ဆိုသည်ကို ထင်ရှားလျှင ရှေ့နေချုပ်အနေဖြင့် ၎င်း၏ဆုံးဖြတ်ချက်ဖြင့် အမေရိကန်နိုင်ငံ၏ သင့်တော်ဆီလျော်သော ခရိုင် တရားရုံးတွင်တရားစီရင်ရန်

ဆောင်ရွက်ရမည်။ ဤသို့ဆောင်ရွက်ရာတွင် ဤလုပ်ရပ်သည်အထောက်အထားများ ပြပြီး တရားရုံး၏အမြဲတမ်းကန့်သတ်ချက်အမိန့်၊ (သို့မဟုတ်) ယာယီ ကန့်သတ်ချက် အမိန့်ကိုပေးအပ်ရမည်။

(၂) အထွေထွေရှေ့နေချုပ်၏ ဥပဒေမူဝါဒသဘောထားမှာ တရားမမှုအနေနှင့်စုံစမ်းစစ်ဆေးရန်၊ ဤအပိုဒ်ပါဥပဒေကိုစိုးမိုးရန် လိုအပ်သည်ဟုယူဆလျှင် ရှေ့နေချုပ်၊ (သို့မဟုတ်) ၎င်း၏ခန့်ထားသူတစ်ဦးဦးအား အောက်ဖော်ပြပါ အခွင့်အာဏာများကိုပေးအပ်ထားသည်။ ၎င်းအာဏာများမှာ ကျမ်းသစ္စာကျိန်ဆိုရန် ညွှန်ကြားချက်ပေးခြင်း၊ အမှန်အတိုင်းကျမ်းကျိန်ထွက်ဆိုခြင်း၊ မျက်မြင် သက်သေအား ထွက်ဆိုရန်ဆင့်ခေါ်ခြင်း၊ အထောက်အထားရယူခြင်း၊ ထိုစုံစမ်းမှုနှင့်စပ်လျဉ်း၍ ရှေ့နေချုပ်က သက်ဆိုင်သည်ဟုယူဆသည့် စာအုပ်များ၊ စာရွက်စာတမ်းများ ထုတ်ပေးရန်တောင်းဆိုခြင်း စသည့် အခွင့်အာဏာ များကို အပ်နှင်းထားသည်။ မျက်မြင်သက်သေလာရောက်ခြင်း၊ အထောက်အထားစာရွက်စာတမ်းများထုတ်ပေးခြင်းကို အမေရိကန်နိုင်ငံ မည်သည့်နေရာမှာ မဆိုသော်လည်းကောင်း၊ အမေရိကန်နိုင်ငံ၏ပိုင်နက်၊ (သို့မဟုတ်) ဓနသဟာယ နယ်ပယ် တရားစီရင်ကြားနာသည့် နေရာတစ်နေရာတွင်ဖြစ်ရမည်။

(၃) တစ်စုံတစ်ယောက်မှနေ၍ ရုံးသို့လာရန်ဆင့်ခေါ်စာကို လိုက်နာရန်ငြင်းဆန်ခဲ့သည်ရှိသော၊ လုံးဝဆန့်ကျင်ခဲ့သည် ရှိသော ဤစုံစမ်းမှုဖြစ်ပွားနေသည့်၊ (သို့မဟုတ်) ဤအမှုစစ်ဆေးနေသည့်၊ (သို့မဟုတ်) ဤပုဂ္ဂိုလ်နေထိုင်နေသည့် တရားစီရင်မှုနယ်ပယ်တွင်ရှိသော၊ (သို့မဟုတ်) ဤပုဂ္ဂိုလ်က စီးပွားရေးလုပ်ဆောင်နေသည့် ဥပဒေစီရင်သည့်နယ်ပယ်တွင်ရှိသော တရားရုံးတစ်ခုခုအား အမိန့်ထုတ်ပေးရန် ရှေ့နေချုပ်က ည နိုကြားနိုင်သည်၊ ထိုသို့အကူအညီယူပြီး၍ မျက်မြင် သက်သေထွက်ဆိုရန် အထောက်အထား စာရွက်စာတမ်းများ၊ အခြားစာရွက်စာတမ်းများ ထုတ်ပေးရန်တောင်းဆို နိုင်သည်။ အဆိုပါတရားရုံးတစ်ခုခုမှနေ၍ အဆိုပါပုဂ္ဂိုလ်ကို ရှေ့နေချုပ်ထံ၊ (သို့မဟုတ်) ၎င်း၏ခန့်အပ်ထားသူထံ လာရောက်အောင် အမိန့်ထုတ်ပြန်ပေး၍ အထောက်အထားမှတ်တမ်းများကို ထုတ်ပေးနိုင်သည်။ ထို့အပြင် စုံစမ်းစစ်ဆေးမှု ပြုနေသော ကိစ္စနှင့်ပတ်သက်ပြီး ထွက်ဆိုခိုင်းရန်အမိန့်ပေးနိုင်သည်။ အကယ်၍ တရားရုံး၏ ဤသို့အမိန့်ချမှတ်မှုကိုလိုက်နာရန် ပျက်ကွက်ခဲ့ပါက ရုံးတော်ကို မထေမဲ့မြင်ပြုမှုအနေဖြင့် အပြစ်ပေးနိုင်သည်။

ဤသို့အမှုနှင့်ပတ်သက်၍ တရားစီရင်မှုအားလုံးကို အဆိုပါပုဂ္ဂိုလ်နေထိုင်သော၊ (သို့မဟုတ်) အဆိုပါပုဂ္ဂိုလ်ကိုတွေ့နိုင်သော တရားစီရင်မှုခရိုင်တွင် စစ်ဆေးကြားနာနိုင်သည်။ ရှေ့နေချုပ်သည် ဤဥပဒေအခန်းငယ်တွင်ပါရှိသောအချက်အလက်များနှင့်အညီ လိုအပ်သည်ဟု ယူဆလျှင် တရားမမှုစုံစမ်းရေးနှင့်ပတ်သက်၍ ဤသို့သော စည်းမျဉ်းများကိုချမှတ်နိုင်သည်။

## (င) ရှေ့နေချုပ်၏လမ်းညွှန်မှု

၁၉၈၈ ဩဂုတ်လ ၂၃ ရက်နောက်ပိုင်း တစ်နှစ်မကျော်ခင်တွင် အမေရိကန်နိုင်ငံရှေ့နေချုပ်သည် ကော်မရှင်အဖွဲ့ကြီး၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး၊ အမေရိကန်နိုင်ငံကုန်သွယ်ရေးကိုယ်စားလှယ်၊ နိုင်ငံခြားရေးဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီး တို့နှင့် ဆွေးနွေးပြီး၊ ထိုအပြင် ပြည်သူလူထုကို အသိပေးအကြံဉာဏ်ရယူခြင်းအားဖြင့် သက်ဆိုင်ရာ ပုဂ္ဂလ်များ၏ သဘောထားအမြင်ကိုခံယူပြီးနောက် ဤသို့ဆုံးဖြတ်ချက်ချရမည်။ ရှေ့နေချုပ်အနေဖြင့် ဤဥပဒေအခန်း နှင့် အညီမည်သို့သောအတိုင်းအတာကို ထပ်မံဖြည့်ဆည်းရမည်၊ မည်သို့သောအတိုင်းအတာအထိစီးပွားရေးလုပ်ငန်းများကို ဤ အခန်းကဏ္ဍမှာပါသည့် အချက်အလက်များကိုရှင်းပြ၍အကူအညီပေးရမည်ဆိုသည်ကို ဆုံးဖြတ်ချက်ချလိမ့်မည်။ ဤသို့ ဆုံးဖြတ်ချက်အပေါ်တွင်အခြေခံ၍ သင့်တော်မည်၊ လိုအပ်မည်ဟုယူဆသည့် အတိုင်းအတာပေါ်မူတည်၍ ရှေ့နေချုပ်ရုံးက အောက်ဖော်ပြပါအချက်များကို ထုတ်ပြန်လိမ့်မည်။

(၁) လုပ်ငန်းလုပ်ဆောင်မည့်သီးခြားပုံစံနှင့် ထုတ်ကုန်ပစ္စည်းရောင်းချရေးပုံစံနှင့် ပတ်သက်သော လမ်းညွှန်မှုများ၊ လုပ်ငန်း စာချုပ်စာတမ်းများနှင့်ပတ်သက်သည့် လမ်းညွှန်မှုများ၊ ထိုလမ်းညွှန်မှုများသည် နိုင်ငံတော်တရားရေးဌာန၏ လက်ရှိဥပဒေ စိုးမိုးရေးရည်ရွယ်ချက်အတွက် လမ်းညွှန်ထားသောလမ်းညွှန်မှုများ ဖြစ်သည်။ ရှေ့နေချုပ်ရုံးက ဤဥပဒေအခန်းတွင်ပါရှိသည့် အချက်နှင့်ကိုက်ညီမှုရှိမရှိကို ဆုံးဖြတ်မည့်လမ်းညွှန်ချက် နှင့်

(၂) ဤဥပဒေခန်းတွင်ပါရှိသောအချက်များနှင့်ပတ်သက်၍ နိုင်ငံတော်တရားရေးဌာန၏ လက်ရှိ ဥပဒေစိုးမိုးမှု မူဝါဒနှင့် ကိုက်ညီအောင် ကော်ပိုရေးရှင်း(အစ်ရှူဝါး) တို့မှ မိမိဖာသာအသုံးပြုမည့် အထွေထွေကြိုတင် ကာကွယ်မှုလုပ်စဉ်များ

ခေါင်းစဉ် ၅ အခန်း ၅ အခန်းငယ် ၂ ၏ ဥပဒေသများနှင့်အညီ ယခင်စာကြောင်းတွင်ရည်ညွှန်းထားသော လမ်းညွှန်မှုများ နှင့် လုပ်ရိုးလုပ်စဉ်များကို ရှေ့နေချုပ်က ထုတ်ပြန်လိမ့်မည်။ အဆိုပါ ထုတ်ဝေသောလမ်းညွှန်ချက်နှင့် လုပ်စဉ်များသည် ဤ ဥပဒေခေါင်းစဉ်၏ အခန်း ၇ ပါ ဥပဒေများနှင့် အကျုံးဝင်စေရမည်။

## (စ) အထွေထွေရှေ့နေချုပ်၏ ဥပဒေမူဝါဒသဘောထားများ

(၁) အမေရိကန်နိုင်ငံအစိုးရ၏ သင့်တော်သောဌာနများ၊ အေဂျင်စီများနှင့် ဆွေးနွေးတိုင်ပင်ပြီး ပြည်သူလူထုကို အသိပေး ဆန္ဒခံယူပြီး သက်ဆိုင်ရာအကျိုးစီးပွားရှိသူ ပုဂ္ဂိုလ်များ၏ အမြင်သဘောထားကိုခံယူပြီးနောက် ရှေ့နေချုပ်သည် ဤသို့လမးညွှန်ချက်ကိုချမှတ်မည်။ **ဒိုမက်စတစ်ကွန်ဆန်း(**အမေရိကန်နိုင်ငံသား၊ အမေရိကန်နိုင်ငံတွင်နေထိုင်သူ၊ (သို့မဟုတ်) အမေရိကန်နိုင်ငံ၏ ဥပဒေဘောင်တွင်အကျုံးဝင်သော ကော်ပိုရေးရှင်း) အနေနှင့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းလုပ်ဆောင်မှုသည် ဤအခန်းတွင်ပါရှိသော ဥပဒေသများနှင့် ပတ်သကသော တရားရေးဌာနက လက်ရှိဥပဒေစိုးမိုးရေး မူဝါဒနှင့်အညီ လုပ်ဆောင်မှုရှိမရှိ မေးမြန်းစုံစမ်းမှုကို ဖြေကြား ပေးရန် ရှေ့နေချုပ်ကနည်းလမ်းချမှတ်ပေးရမည်။ ဤသို့စုံစမ်းမှုအတွက် တောင်းဆိုမှုရပြီး ရက် ၃၀ အတွင်းတွင်အဆိုပါ တောင်းဆိုမှုကို တုံ့ပြန်၍ ရှေ့နေချုပ်က မိမိ၏ သဘောထားကထုတ်ပြန်ပေးရမည်။ ထိုထင်မြင်ယူဆချက်သည် တစုံတရာသောလုပ်ရပ်က တရားရေးဌာန၏ လက်ရှိဥပဒေစိုးမိုးရေးမူဝါဒနှင့် ကိုက်ညီမှုရှိသည် မရှိသည်၊ (သို့မဟုတ်) ဤဥပဒေ အခန်းကဏ္ဍရှိဥပဒေသများကို ချိုးဖောက်မှုရှိသည် မရှိသည်ကိုဖော်ပြ ရမည်။ ယခင်ကစုံစမ်းစစ်ဆေးတောင်းဆိုချက်တွင်ပါသည့် အချက်ထက်ကျော်လွန်သည့် သီးခြားလုပ်ဆောင်မှုများ နှင့်ပတ်သက်၍ စုံစမ်းလိုပါက ရှေ့နေချုပ်ရုံးထံ ၎င်း၏သဘောထားအမြင်ကို ထပ်မံလျှောက်ထားတောင်းဆိုနိုင်သည်။ ဤအခန်းကဏ္ဍ ၏ အကျုံးဝင်သော ဥပဒေသများအရ အရေးယူ ဆောင်ရွက်ရာတွင် ရှေ့နေချုပ်ရုံးက ဤသို့ **ဒိုမက်စတစ်ကွန်ဆန်း** ၏ လုပ်ရပ်သည် တရားရေးဌာန၏ ဥပဒေစိုးမိုးမှု မူဝါဒနှင့် ကိုက်ညီမှုရှိသည်၊ ဤဥပဒေအခန်းပါ ဥပဒေသများနှင့်ကိုက်ညီ သည်ဟု ရှေ့နေချုပ်က ထင်မြင်ယူဆချက်ထုတ်ပြန်ပေးသောလုပ်ရပ်သည် မှန်ကန်သည်ဟူ၍ ယူဆရမည်။ ဤသို့ယူဆချက်ကို အထောက်အထား အခိုင်အမာတင်ပြခြင်းအားဖြင့် ချေပနိုင်ရမည်။ ဤအပိုဒ်ပါရည်ရွယ်ချက် အတွက် ယူဆမှုကိုစဉ်းစားရာတွင် တရားရုံးတစ်ခုကသက်ဆိုင်ရာ အကြောင်းတရားများအားလုံးကို ချိန်ဆစဉ်းစားရမည်။ ထိုသက်ဆိုင်ရာအချက်အလက်များဆိုသည်မှာ ရှေ့နေချုပ်ကို တင်သွင်းသော အချက်အလက်များသည် မှန်ကန်မှုရှိ မရှိ၊ ပြည့်စုံ မှုရှိ မရှိ ရှေ့နေချုပ်ရုံးက လက်ခံရရှိထားသော လုပ်ငန်းလုပ်ဆောင်မှုအတိုင်းအတာဘောင်အတွင်းတွင် ရှိ မရှိတို့ပါဝင်သည်။ ခေါင်းစဉ် ၅ အခန်း ၅ အခန်းငယ် ၂ ပါအချက်နှင့်အညီ ဤအပိုဒ်ကလိုအပ်သော လုပ်ထုံးလုပ်စဉ်ကိုရှေ့နေချုပ်ရုံးက သတ်မှတ်ရမည်။ ထိုလုပ်ရိုးလုပ်စဉ်မှာလည်း ထိုဥပဒေခေါင်းစဉ်၏ အခန်း ၇ ဥပဒေသများနှင့် အကျုံးဝင်ရမည်။

(၂) ဥပဒေအပိုဒ် (၁) အရချမှတ်ထားသော လုပ်ရိုးလုပ်စဉ်အရ **ဒိုမက်စတစ်ကွန်ဆန်း** တစ်ခုက စုံစမ်းတောင်းဆိုမှုနှင့် ပတ်သက်၍ အမေရိကန်နိုင်ငံ တရားရေးဌာန၊ (သို့မဟုတ်) အခြားဌာနတစ်ခုခု၊ (သို့မဟုတ်) အေဂျင်စီက ပြင်ဆင်ရယူပေးပို့ထားသော မည်သည့်စာရွက်စာတမ်းကိုမဆို ခေါင်းစဉ ၅ ခန်း ၅၅၂ ဥပဒေအရ လူသိရှင်ကြား ထုတ်ဖော်ပြောရန်မလိုပါ။ ခြွင်းချက် အနေနှင့် ရှေ့နေချုပ်က ကော်ပိုရေးရှင်းကို ဤစုံစမ်းစစ်ဆေးရန် တောင်းဆိုမှုကို အကြောင်းပြန်ကြားသည်ဖြစ်စေ၊ မပြန်ကြားသည်ဖြစ်စေ

ကော်ပိုရေးရှင်းက စုံစမ်းမှုကို ရပ်သိမ်းသည်သော်လည်းကောင်း၊ ကော်ပိုရေးရှင်း၏ သဘောတူ ညီချက်ဖြင့်သာလျှင် လူသိရှင်ကြား ကြေညာနိုင်သည်။

(၃) အပိုဒ် ၁ အရ ရှေ့နေချုပ်ရုံးထံ စုံစမ်းမှုပြုသူ မည်သည့်အမေရိကန်နိုင်ငံ ဥပဒေလက်အောက်တွင်လုပ်ဆောင် နေသူတို့သည် ရှေ့နေချုပ်ရုံးက မဖြေကြားခင်တွင် ရုတ်သိမ်းပိုင်ခွင့်ရှိသည်။ ဤသို့ရုတ်သိမ်းမှုကိုတောင်းဆိုချက် မှာ မည်သို့မျှအကျိုးမသက်ရောက်စေရ။

(၄) အလားအလာရှိသည့် ထုတ်ကုန်လုပ်ငန်းရှင်နှင့် အသေးစားလုပ်ငန်းများ များအနေဖြင့် ဤဥပဒေသများဆိုင်ရာ ကိစ္စရပ်များအတွက် သီးခြားအကြံဉာဏ်မရနိုင်သည့်အခါတွင် ရှေ့နေချုပ်မှနေ၍ ၎င်းတို့အား တရားရေးဌာန၏ လက်ရှိဥပဒေစိုးမိုးရေး မူဝါဒများနှင့် ပတ်သက်သည့် လမ်းညွှန်မှုများကို အချိန်မီအဖြစ်နိုင်ဆုံး၊ လက်တွေ့အကျဆုံးပံ့ပိုးပေးရမည်။ ဤလမ်းညွှန်မှုသည် ဥပဒေ အပိုဒ်(၁) အရ တောင်းဆိုချက်ကိုတုံ့ပြန်မှုအတွက်သာလျှင် အကန့်အသတ်ဖြစ်ရမည်။ ထို့အပြင် ဤဥပဒေအခန်း၏ လိုအပ်ချက်များနှင့် ပတ်သက်၍ တရားရေးဌာန၏ လက်ရှိဥပဒေစိုးမိုးမှု မူဝါဒနှင့် ပတ်သက်ပြီး အလားအလာလုပ်ဆောင်မှုမျိုးသည် တရားရေးရာဌာန၏ လက်ရှိဥပဒေစိုးမိုးမှု မူဝါဒနှင့်ကိုက်ညီမှု ရှိ မရှိ နှင့်ပတ်သက်သည့် လမ်းညွှန်မှုမျိုးဖြစ်ရမည်။ ထို့အပြင် ဤလမ်းညွှန်မှုသည် ဤဥပဒေအခန်းပါ အချက် အလက်များအရ လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို ပျက်ကွက်ပါက ခံစားရမည့် အပြစ်ဒဏ်များနှင့်၊ လျော်ကြေးများကို အထွေထွေရှင်းပြသည့် လမ်းညွှန်မှုဖြစ်ရမည်။

## (ဆ) ပြစ်ဒဏ်များ

(၁)(က) ဤဥပဒေအခန်း၏ အခန်းငယ် (အေ) ၊ (သို့မဟုတ်) (အိုင်) ကိုချိုးဖောက်သည့် လူပုဂ္ဂိုလ်မဟုတ်သည့် **ဒိုမက်စတစ်ကွန်ဆန်း(**အမေရိကန်နိုင်ငံ၏ ဥပဒေဘောင်တွင်အကျုံးဝင်သော ကော်ပိုရေးရှင်း) ကို ဒေါ်လာ ၂ ၀၀၀ ၀၀၀ ထက်မပိုဘဲ ဒဏ်တပ်နိုင်သည်။

(ခ)ဤဥပဒေအခန်း၏ အခန်းငယ် (အေ) ၊ (သို့မဟုတ်) (အိုင်) ကိုချိုးဖောက်သည့် လူပုဂ္ဂိုလ်မဟုတ်သည့် **ဒိုမက်စတစ်ကွန်ဆန်း** သည် ရှေ့နေချုပ်ကအရေးယူသတ်မှတ်သည့် ဒဏ်ငွေ ဒေါ်လာ ၁၀၀၀၀ ထက်မပိုသည့် တရားမအပြစ်မှုနှင့် အကျိုးသက်ရောက်စေရမည်။

(၂)(က) ဤအခန်း၏အခန်းငယ် (အေ) ၊ (သို့မဟုတ်) (အိုင်) ကို သိလျက်နှင့် ကြံရွယ်ချက်နှင့် ချိုးဖောက်သူ **ဒိုမက်စတစ်ကွန်ဆန်း** တစ်ခု၏ ကိုယ်စားပြုသူ အရာရှိ၊ ညွှန်ကြားရေးမှူး၊ အလုပ်သမား၊ မည်သူတစ်ဦးမဆို ဒေါ်လာ ၁၀၀၀၀၀ ထက်မကျော်ဘဲအပြစ်ဒဏ် တပ်ခံရမည်၊ (သို့မဟုတ်) ၅ နှစ်ထက်မနည်း ထောင်ဒဏ်အပြစ်ပေးခံရမည်၊ (သို့မဟုတ်) အပြစ်ဒဏ် နှစ်ရပ်စလုံးကျခံစေရမည်။

(ခ)ဤအခန်း၏အခန်းငယ် (အေ)၊ (သို့မဟုတ်) (အိုင်) ကို ကျူးလွန်သူ **ဒိုမက်စတစ်ကွန်ဆန်း** တစ်ခု ကို ကိုယ်စားပြုသူ အရာရှိ၊ ညွှန်ကြားရေးမှူး၊ အလုပ်သမား၊ (သို့မဟုတ်) ကိုယ်စားလှယ်၊ (သို့မဟုတ်) အစုရှယ်ယာဝင်သည် ရှေ့နေချုပ်က အရေးယူချမှတ်သော ဒဏ်ငွေ ၁၀၀၀၀ ထက်မနည်း တရားမမှု အပြစ်ဒဏ် အကျိုး သက်ရောက်ရမည်။

(၃) **ဒိုမက်စတစ်ကွန်ဆန်း** တစ်ခု၏အရာရှိတစ်ဦးဦး၊ ညွှန်ကြားရေးမှူး၊ (သို့မဟုတ်) ဝန်ထမ်း၊ (သို့မဟုတ်) ကိုယ်စားလှယ်၊ (သို့မဟုတ်) အစုရှယ်ယာဝင်တစ်ဦးဦးကို အပိုဒ် (၁) အရ အပြစ်ဒဏ်ချမှတ်သည့် အခါတိုင်း ဤဒဏ်ငွေကို အဆိုပါ **ဒိုမက်စတစ်ကွန်ဆန်း** တစ်ခု က တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သောနည်းဖြင့်သော်လည်းကောင်း မပေးရပါ။

**(ဇ)အဓိပ္ပါယ်ဖွင့်လှစ်ချက်များ**

ဤအခန်းကဏ္ဍအတွက်ရည်ရွယ်သည်။

(၁) **'ဒိုမက်စတစ်ကွန်ဆန်း'** ဆိုသည်မှာ

(က)အမေရိကန်နိုင်ငံသား (သို့မဟုတ်) အမေရိကန်နိုင်ငံတွင် အမြဲနေထိုင်သူနှင့်

(ခ) အမေရိကန်နိုင်ငံတွင် ပင်မအခြေစိုက်သော (သို့မဟုတ်) အမေရိကန်နိုင်ငံ၏ ဥပဒေအရ ဖွဲ့စည်းထားသော (သို့မဟုတ်) အမေရိကန်နိုင်ငံ ဓနသဟာယ ပိုင်နက်တွင်ရှိသော မည်သည့်ကော်ပိုရေးရှင်း၊

ဖက်စပ်လုပ်ငန်းအသင်းအဖွဲ့၊ အစုရှယ်ယာကုမဏီ၊ တစ်ဦးတည်းပိုင်သောကော်ပိုရေးရှင်း (သို့မဟုတ်) ဦးပိုင်လုပ်ငန်း

(၂) (က) **'နိုင်ငံခြားတိုင်းပြည်အရာရှိ'**-ဆိုသည့်စကားလုံးမှာ- နိုင်ငံခြားအစိုးရတစ်ခု၏မည်သည့်အရာရှိ (သို့မဟုတ်) ဝန်ထမ်း၊ (သို့မဟုတ်) မည်သည့်ဌာန၊ (သို့မဟုတ်) အေဂျင်စီအဖွဲ့အစည်း၊ (သို့မဟုတ်) ပြည်သူ့အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း၊ (သို့မဟုတ်) မည်သည့်အစိုးရဌာန အေဂျင်စီအဖွဲ့အစည်း၏ကိုယ်စားပြု (သို့မဟုတ်) အစိုးရ၏ တာဝန်ကို ထမ်းဆောင်နေသူ၊ (သို့မဟုတ်) အဆိုပါနိုင်ငံတကာအသင်းအဖွဲ့၏ကိုယ်စား တာဝန်ထမ်းဆောင်နေသူကိုဆိုလိုသည်။

(ခ) အေ အပိုဒ်ငယ်အတွက် - **'ပြည်သူ့အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း'**- ဆိုသည်မှာ

(၁)(၂၂ယူအက်စ်ဆီ၂၈၈) အပြည်ပြည်ဆိုင်ရာအသင်းအဖွဲ့ဥပဒေကင်းလွတ်ခွင့် အက်ဥပဒေ၏အခန်း ၁ တွင် ပြဌာန်းထားသော နိုင်ငံတော်သမ္မတ၏အမိန့်နှင့် သတ်မှတ်ထားသော အဖွဲ့အစည်းတစ်ရပ်ရပ်နှင့်

(၂)နိုင်ငံတော်မှတ်တမ်းရုံးတွင် သမ္မတ၏အမိန့်နှင့် ဤဥပဒေပါ ရည်ရွယ်ချက်နှင့် အမိန့်ထုတ်ပြန်ထားသည့် နေ့မှ စ၍ တရားဝင်သတ်မှတ်ထားသည့် အပြည်ပြည်ဆိုင်ရာ အခြားအသင်းအဖွဲ့တစ်ခု

(၃) (က) ပုဂ္ဂိုလ်တစ်ယောက်၏စိတ်တွင် **'သိသည်'** ဆိုသည့်သဘောမှာ အခြေအနေလုပ်ငန်းတစ်ခုခုနှင့် ပတ်သက်ပြီး ဆိုလိုသည်၊ (သို့မဟုတ်) အကယ်၍

(၁)အဆိုပါပုဂ္ဂိုလ်သည် ဤသို့လုပ်ဆောင်နေသည်ဆိုသည်ကို သတိပြုမိသည်။ ဤသို့အခြေအနေဖြစ်ပျက်သည်ဆိုသည်ကို သတိပြုမိသည်။ ဤသို့ရလဒ်သည် ကျိန်းသေဖြစ်ပေါ်လာမည်ကိုသိသည်၊ (သို့မဟုတ်)

(၂)ဤပုဂ္ဂိုလ်အနေနှင့် ဤအခြေအနေ ဖြစ်ပေါ်သည်ဆိုသည်ကိုခိုင်ခိုင်မာမာယုံကြည်မှု ရှိနေသည်၊ (သို့မဟုတ်) ဤအကျိုးဆက်တရား ကျိန်းသေဖြစ်ပေါ်မည်ဆိုသည်ကို သိနေသည် ဆိုသည့်အဓိပ္ပါယ်ဖြစ်သည်။

(ခ)အကယ်၍ပုဂ္ဂိုလ်တစ်ယောက်သည် ပြစ်မှုကျူးလွန်ရန်အနေအထား ရှိသောအခြေအနေကို သိလျှင်ထိုသူသည် ပြစ်မှုကျူးလွန်ရန်သိသည်ဟုယူဆသည်။ ခြွင်းချက်အနေနှင့်ထိုပုဂ္ဂိုလ်မှာ ဤအခြေအနေအမှန်တကယ်မဖြစ်ပါဟု အမှန်တကယ်ယုံကြည်နေလျှင်အကျုံးမဝင်ပါ။

(၄) (က) **'ပုံမှန်အစိုးရလုပ်ရိုးလုပ်စဉ်များ'**ဆိုသည်မှာ

(၁)နိုင်ငံရပ်ခြားတိုင်းပြည်တစ်ခုတွင် စီးပွားရေးလုပ်ငန်းလုပ်ဆောင်ရန် လူတစ်ဦးတစ်ယောက်က လုပ်ပိုင်ခွင့်ရရရန် ပါမစ်၊ လိုင်စင်များ၊ (သို့မဟုတ်) အခြားရုံးစာရွက်စာတမ်းများရရှိရန်အတွက် နိုင်ငံခြားအရာရှိက ပုံမှန်လုပ်ဆောင် နေသော လုပ်ဆောင်မှုတစ်ရပ်

(၂)အစိုးရ၏ စာရွက်စာတမ်းများဖြစ်သည့် ဗီဇာ၊ အလုပ်အမိန့်စာရရှိရေးအတွက် လုပ်ဆောင်သည့်လုပ်ရပ်

(၃)ရဲ၏အကာအကွယ်ရယူရေး၊ ရဲမှအကာအကွယ်ပေးရေး၊ စာပို့စနစ်မှစာသိမ်းစာဝေခြင်းလုပ်ရပ်၊ စာချုပ်စာတမ်းနှင့် ပတ်သက်၍ စစ်ဆေးမှု၊ တိုင်းပြည်အဝန်းကုန်စည်ပို့ဆောင်မှုနှင့်ပတ်သက်သည့် စစ်ဆေးမှုများလုပ်ဆောင်မှုနှင့် ပတ်သက်သည့်လုပ်ရပ်များ

(၄)တယ်လီဖုန်းတပ်ဆင်မှု၊ လျှပ်စစ်နှင့်ရေအားပံ့ပိုးပေးမှု၊ ကုန်ပစ္စည်းများ တင်ချမှု၊ ပျက်စီးလွယ်သောပစ္စည်းများ၊ ပျက်စီးမှု ယိုယွင်းမှုမှ ကာကွယ်တားဆီးရေးကိစ္စရပ်များ

(၅)အလားတူသဘောသဘာဝရှိသောလုပ်ရပ်များ

ကို **'ပုံမှန်အစိုးရလုပ်ရိုးလုပ်စဉ်များ'** ဟုအဓိပ္ပါယ်ရပါသည်။

(ခ) **'ပုံမှန်အစိုးရလုပ်ရိုးလုပ်စဉ်များ'**ဆိုသည့်စကားလုံးမှာ နိုင်ငံခြားအရာရှိ၏ဆုံးဖြတ်ချက် မပါဝင်ပါ။ ဆိုလိုသည်မှာ၄င်း ဆုံးဖြတ်မှုသည် လုပ်ငန်းသစ်တစ်ခုကိုလုပ်ပိုင်ခွင့်ပေးသည့် သီးခြားပါတီတစ်ခုနှင့် လုပ်ငန်းဆက်လက်လုပ်ဆောင်ခွင့် ပေးသည်ဖြစ်စေ၊ ထိုစီးပွားရေးလုပ်ငန်းသစ်တစ်ခုကို လုပ်ပိုင်ခွင့်ပေးရန်နှင့် ပါတီတစ်ခုနှင့်စီးပွားရေးလုပ်ငန်းဆက်လုပ် ခွင့်ပေးရန် အားပေးသည့်နိုင်ငံခြားအရာရှိ၏ လုပ်ရပ်များနှင့်အကျုံးမဝင်ပါ။

(၅) **'ပြည်နယ်ခြားကူးသန်းရောင်းဝယ်မှု '** ဆိုသည်မှာ

ပြည်နယ်များအတွင်း (သို့မဟုတ်) မည်သည့်နိုင်ငံရပ်ခြားတိုင်းပြည် (သို့မဟုတ်) မည်သည့်ပြည်နယ် (သို့မဟုတ်) မည်သည့်နေရာ (သို့မဟုတ်) မည်သည့်သဘောအကြား အသေးစားကုန်သွယ်မှု (သို့မဟုတ်) အကျယ်အပြန့် ကူးသန်းရောင်းဝယ်မှု (သို့မဟုတ်) သယ်ယူပို့ ဆောင်မှု (သို့မဟုတ်) ဆက်သွယ်ရေးပြုမှုတို့ ကို ဆိုလိုသည်။

ဤဝေါဟာရတွင်

(က) ပြည်နယ်တစ်ခုနှင့်တစ်ခုကြား တယ်လီဖုန်းဖြင့် ဆက်သွယ်ခြင်း (သို့မဟုတ်) အခြားနည်းဖြင ဆက်သွယ်ခြင်း

(ခ) ပြည်နယ်တစ်ခုနှင့်တစ်ခုကြား အဖွဲ့ စည်းချင်း ဆက်သွယ်ခြင်း တို့ ပါဝင်သည်။

## <u>(ဈ) အခြားနည်းဖြင့် တရားစီရင်မှု</u>

(၁) အမေရိကန်နိုင်ငံမှမည်သူမဆို အခန်းငယ် 'အေ '၏ဥပဒေအပိုဒ် (၁) (၂) (၃) တွင် ဖော်ပြထားသော မည်သူတစ်ဦးတစ်ယောက်ကို မဆို အမေရိကန်နိုင်ငံပြည်ပတွင် အကျင့်ပျက်ပြားစွာဖြင့် ငွေကြေး (သို့မဟုတ်) လက်ဆောင် (သို့မဟုတ်) တန်ဖိုးရှိသောပစည်းတစ်ခုခုကို ပေးဆောင်ရန် ကြိုတင်ကမ်းလှမ်းခြင်း၊ ပေးဆောင်မှုပြုခြင်း၊ ငွေကြေးပေးရန် ကတိပေးခြင်း၊ ငွေကြေးပေးရန် ခွင့်ပြုခြင်း ပြုလုပ်ခြင်းသည် တရားမဝင်ပါ။ ထိုသို့ ပေးဆောင်ရာတွင် အမေရိကန်နိုင်ငံမှ ပုဂ္ဂိုလ်သည် ထိုသို့ ငွေကြေး၊ လက်ဆောင်ပစ္စည်းပေးအပ်မှုကို စာပို့ စနစ်မှသော်လည်းကောင်း (သို့မဟုတ်) အခြားနည်းဖြင့်သော်လည်းကောင်း (သို့မဟုတ်) ပြည်နယ်အတွင်း နိုင်ငံခြားတိုင်းပြည်အတွင်း ကူးသန်းရောင်းဝယ်ဖောက်ကားမှုပြုသူ ကိုယ်စားလှယ်မတဆင့်သော်လည်းကောင်း ပေးဆောင်မှုများအားလုံးသည် ဥပဒေအရ တရားမဝင်ပါ။

(၂) ဤဥပဒေ အခန်းငယ်တွင်သုံးထားသကဲ့သို့ **'အမေရိကန်နိုင်ငံမှ ပုဂ္ဂိုလ်'** ဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားအက်ဥပဒေ (၈ ယူအက်စ်ဆီ ၁၁၀၁) ၏အခန်း (၁၀၁) တွင် အဓိပ္ပာယ်ဖွင့်လှစ်ထားသော အမေရိကန်နငိငံသားတစ်ယောက် (သို့မဟုတ်) အမေရိကန်နိုင်ငံ၏ တရားဥပဒေအရသော်လည်းကောင်း၊ အမေရိကန်နိုင်ငံ၏ ပိုင်နက် (သို့မဟုတ်) အမေရိကန်နိုင်ငံနေသဟာရ နယ်ပယ်အတွင်းဖွဲ့ စည်းထားသော မည်သည့်ကော်ပိုရေးရှင်းဖက်စပ်လုပ်ငန်း၊ အသင်းအဖွဲ့ ၊ ပူးတွဲအစုရှယ်ယာပိုင်ကုမ္ပဏီ၊ ဦးပိုင်လုပ်ငန်းအဖွဲ့ အစည်းတို့ နှင့် မည်သည့် နိုင်ငံရေးပါတီအဖွဲ့ ခွဲကိုမဆို ဆိုလိုသည်။

## <u>၇၈ ဒီဒီ - ၃။ အစ်ရှူးဝါး (ဆကူရတီ (ငွေစက္ကူ၊ ငွေစုစာချုပ်၊ ဈေးကွက်အစုရှယ်ယာနှင့် ရင်းနှီးမြှုပ်နှံမှုများ) ကိုထုတ်ပေးသူ)နှင့် ဒိုမက်စတစ်ကွန်ဆန်း (အမေရိကန်နိုင်ငံသား၊ အမေရိကန်နိုင်ငံတွင်နေထိုင်သူ၊ (သို့မဟုတ်) အမေရိကန်နိုင်ငံ၏ ဥပဒေဘောင်တွင်အကျုံးဝင်သော ကော်ပိုရေးရှင်း)တို့ ကလွဲ ၍ အခြား ပုဂ္ဂိုလ်များ၏ နိုင်ငံခြားတွင ကူးသန်းရောင်းဝယ်မှုပြုရာ၌ဥပဒေအရ ပိတ်ပင်တားမြစ်ထားသည့် လုပ်ငန်း ကျင့်သုံးမှုများ</u>

## (က) ပိတ်ပင်တားမြစ်မှု

၁၉၇၇ ခု 'ဆီကူရတီ အိတ်ချိန်း ' အက်ဥပဒေ ၏ အခန်း ၃၀အေ တွင် အကျုံးဝင်သော **'အစ်ရှူးဝါး'** (ငွေစက္ကူ၊ ငွေစုစာချုပ်၊ စျေးကွက်အစုရှယ်ယာနှင့် ရင်းနှီးမြှုပ်နှံမှုများ ကိုထုတ်ပေးသူ) (သို့မဟုတ်) ဤအက်ဥပဒေ၏ အခန်း ၁၀၄ တွင် အဓိပ္ပါယ်ဖွင့်လှစ်ထားသော **'ဒိုမက်စတစ်ကွန်ဆန်း'** (အမေရိကန်နိုင်ငံသား၊ အမေရိကန်နိုင်ငံတွင်နေထိုင်သူ၊ (သို့မဟုတ်) အမေရိကန်နိုင်ငံ၏ ဥပဒေဘောင်တွင်အကျုံးဝင်သော ကော်ပိုရေးရှင်း) တို့မှလွဲ၍ အခြားမည်သည့် ပုဂ္ဂိုလ် မဆို (သို့မဟုတ်) မည်သည့်အရာရှိ၊ ညွှန်ကြားရေးမှူး၊ အလုပ်သမားကိုယ်စားလှယ်၊ (သို့မဟုတ်) အဆိုပါ ပုဂ္ဂိုလ်၏ ကိုယ်စား တာဝန်ယူလုပ်ကိုင်နေသူ မည်သည့်အစုရှယ်ယာဝင်မှ အမေရိကန်နိုင်ငံပိုင်နက်အတွင်း မည်သည့်နိုင်ငံခြားအရာရှိကိုမဆို **အောက်ဖော်ပြပါ ရည်ရွယ်ချက်များ**အတွက် စာတိုက်မှသော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း၊ ပြည်နယ်အတွင်း၊နိုင်ငံခြားတိုင်းပြည်တွင်း ကူးသန်းရောင်းဝယ်မှုပြုသူ ကိုယ်စားလှယ်အားဖြင့်သော်လည်းကောင်း ငွေကြေး ပေးဆောင်ရန်ကြိုတင်ကမ်းလှမ်းမှု၊ ငွေကြေး (သို့မဟုတ်) လက်ဆောင်(သို့မဟုတ်)တန်ဖိုးရှိသော ပစ္စည်း တစ်ခုခုပေးရန်ကတိပေးရန်နှင့် ပေးရန်အမိန့် ပေးခြင်း၊ ပြုလုပ်ခြင်းသည် တရားမဝင် ဖြစ်သည်။

(၁) နိုင်ငံခြားတိုင်းပြည်တွင်ရှိသော အရာရှိကို အောကပါရည်ရွယ်ချက်များဖြင့်

(က)(၁) နိုင်ငံခြားတိုင်းပြည်တွင်ရှိသော အရာရှိ၏ဆုံးဖြတ်မှုကို အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက်ကြောင့် သော်လည်းကောင်း(၂) အဆိုပါအရာရှိ၏ ဥပဒေနှင့်အညီ ထမ်းဆောင်သောတာဝန်ကို ဖောက်ဖျက်ရန်သော်လည်းကောင်း၊ ပပျောက် အောင်သော်လည်းကောင်း ဖြားယောင်းသွေးဆောင်ရန် ရည်ရွယ်ချက်ဖြင့်သော်လည်းကောင်း (သို့မဟုတ်)(၃)မသမာသောအကျိုးအမြတ်ရရှိရေးအတွက်သော်လည်းကောင်း၊

(သို့မဟုတ်)

(ခ) နိုင်ငံခြားတိုင်းပြည်အစိုးရနှင့်ပတ်သက်၍ နိုင်ငံခြားတိုင်းပြည်ရှိ အရာရှိအား ဩဇာအာဏာကာလွှမ်းမိုးရန် ဖြားယောင်း သွေးဆောင်ခြင်း ရည်ရွယ်ချက်ဖြင့်၊ (သို့မဟုတ်) အဆိုပါအစိုးရ၏ဆုံးဖြတ်ချက်ကိုလွှမ်းမိုးရန် နိုင်ငံခြားတိုင်းပြည် အရာရှိကို ဖြားယောင်းသွေးဆောင်မှု၊ ထိုပုဂ္ဂိုလ်အား လုပ်ငန်းရယူမှုအတွက်၊ လုပ်ငန်းလုပ်ဆောင်မှုအတွက်၊ လုပ်ငန်းနှင့် ပတ်သက်၍ ညွှန်ကြားမှုအတွက်အထောက်အကူပြုသည့် အနေဖြင့် မည်သည့်နိုင်ငံခြားတိုင်းပြည်အရာရှိကိုမျှ ငွေကြေး လက်ဆောင်ပေးခြင်းမျိုးသည် ဥပဒေနှင့်မညီပါ။

(၂) အောက်ဖော်ပြပါ ရည်ရွယ်ချက်ဖြင့် နိုင်ငံခြားတိုင်းပြည်၏ နိုင်ငံရေးပါတီ၊ (သို့မဟုတ်) အရာရှိ၊ (သို့မဟုတ်) နိုင်ငံရေးပါတီရုံးအတွက်ကိုယ်စားပြုသောကိုယ်စားလှယ်အား

(က) (၁) အဆိုပါ ပါတီ၏ဆုံးဖြတမှုကိုလွှမ်းမိုးစေသော၊ (သို့မဟုတ်) အဆိုပါ ပါတီ၏ကိုယ်စားလှယ်၊ (သို့မဟုတ်) အဆိုပါ အရာရှိ၏ တာဝန်လုပ်ဆောင်မှုကို လွှမ်းမိုးစေသောရည်ရွယ်ချက် (၂) အဆိုပါ ပါတီအရာရှိ၊ (သို့မဟုတ်) ကိုယ်စားလှယ်ကို ၄င်းတို့၏ ဥပဒေနှင့်ညီသော တာဝန်ဝတ္တရား ပျက်ပြားအောင်လုပ်ဆောင်ရန် တာဝန်ကိုဖောက်ဖျက်ရန် တိုက်တွန်းမှု ရည်ရွယ်ချက်(သို့မဟုတ်)(၃) မသမာသောအကျိုးအမြတ်ရယူမှုရည်ရွယ်ချက် (သို့မဟုတ်)

(ခ) နိုင်ငံခြားတိုင်းပြည်တစ်ခု၊ (သို့မဟုတ်) အဖွဲ့အစည်းတစ်ခုကို ၄င်းတို့၏ ဩဇာအာဏာလွှမ်းမိုးရန် အဆိုပါ ပါတီ အရာရှိ၊ (သို့မဟုတ်) ကိုယ်စားလှယ်အားဖြားယောင်းသွေးဆောင်ခြင်း၊ (သို့မဟုတ်) အဆိုပါအစိုးရအဖွဲ့ အစည်း၏ ဆုံးဖြတ်ချက်ကို လွှမ်းမိုးနိုင်သော လုပ်ရပ် လုပ်ဆောင်ရန် ဖြားယောင်းသွေးဆောင်မှု၊ တိုက်တွန်းမှုရည်ရွယ်ချက် (သို့မဟုတ်) ကော်ပိုရေးရှင်းအနေနှင့်မိမိ၏ လုပ်ငန်းရယူမှု၊ ထိန်းသိမ်းထားမှုအတွက်၊ (သို့မဟုတ်) လုပ်ငန်းကို ညွှန်ကြားမှုအတွက်၊ (သို့မဟုတ်)

(၃) မည်သည့်ပုဂ္ဂိုလ်မဆို အောက်ဖော်ပြပါရည်ရွယ်ချက်အတွက် နိုင်ငံခြားတိုင်းပြည်ရှိ နိုင်ငံရေးပါတီ၊ (သို့မဟုတ်) အရာရှိ၊ (သို့မဟုတ်) ကိုယ်စားလှယ်၊ (သို့မဟုတ်)နိုင်ငံရေးပါတီရုံး၏ ကိုယ်စားလယ်ကို တိုက်ရိုက်သော်လည်းကောင်း၊

သွယ်ဝိုက်သောနည်းဖြင့်သော်လည်းကောင်း ငွေကြေးပမာဏ၊ (သို့မဟုတ်) တန်ဖိုးရှိသော ပစည်းတစ်ခုခု ပေးဆောင်မည်၊ (သို့မဟုတ်) ပေးရန်ကတိပေးမည် ဆိုသည်ကိုသိလျက်နှင့် လုပ်ဆောင်ခြင်း

(က) (၁) နိုင်ငံခြားတိုင်းပြည်အရာရှိ၊ နိုင်ငံရေးပါတီ ပါတီ၏အရာရှိ၊ (သို့မဟုတ်) ပါတီဝင် ကိုယ်စားလှယ်၏ဆုံးဖြတချက်ကို လွှမ်းမိုးစေသောရည်ရွယ်ချက် (၂) အဆိုပါ နိုင်ငံရေးအရာရှိ၊ နိုင်ငံရေးပါတီ၊ ပါတီအရာရှိ၊ (သို့မဟုတ်) ကိုယ်စားလှယ်၏ ဥပဒေနှင့်ညီသောတာဝန် ဝတ္တရားကို ဖောက်ဖျက်သည့်အနေနှင့်လုပ်ဆောင်ရန် ဖြားယောင်းသွေးဆောင်မှု(သို့မဟုတ်) (၃)မသမာသောအကျိုးအမြတ်ရရန်ရည်ရွယ်ချက်

(သို့မဟုတ်)

(ခ) အဆိုပါ ပုဂ္ဂိုလ်က မိမိ၏လုပ်ငန်းရရှိရန်၊ ဆက်လက်ထိန်းသိမ်းထားရန်၊ (သို့မဟုတ်) အဆိုပါလုပ်ငန်းကို ညွှန်ကြားရန်နှင့် ပတ်သက်၍ အထောက်အကူပြုရန် အနေဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုသော်လည်းကောင်း၊ အဆိုပါ နိုင်ငံခြားအရာရှိ၊ နိုင်ငံရေးပါတီ၊ ပါတီအရာရှိ၊ ကိုယစားလှယ်တို့ကို နိုင်ငံခြားအစိုးရတစ်ခု၊ (သို့မဟုတ်) အသင်းအဖွဲ့၏ ဆုံးဖြတ်မှုအား ဩဇာအာဏာလွှမ်းမိုးရန်ရည်ရွယ်ချက်ဖြင့် ဖြားယောင်းသွေးဆောင်ခြင်း တို့သည် နိုင်ငံခြားကူးသန်းရောင်းဝယ်မှုတွင် ဥပဒေအရ ပိတ်ပင်တားမြစ်ထားသော လုပ်ရပ်များ ဖြစ်သည်။

## (ခ) ပုံမှန်အစိုးရလုပ်ထုံးလုပ်ငန်းများအတွက် ဥပဒေခြွင်းချက်

ဤအခန်း၏ဥပဒေအခန်းငယ် (အေ) ဥပဒေမှာ အောက်ဖော်ပြအချက်များအကျုံးမဝင်ပါ။

နိုင်ငံခြားအရာရှိ၊ နိုင်ငံရေးပါတီ၊ (သို့မဟုတ်) ပါတီအရာရှိအနေဖြင့် ထမ်းဆောင်ရန်လိုသော ပုံမှန်အစိုးရလုပ်ရန်အတွက် လုပ်ဆောင်ပေးရန်၊ (သို့မဟုတ်) လျင်မြန်စွာလုပဆောင်ပေးရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံခြားအရာရှိ၊ ပါတီ၊ ပါတီအရာရှိအား တရားဝင် ပေးဆောင်မှုသည် ဤဥပဒေအရအကျုံးမဝင်ပါ။

## (ဂ) တရားပြိုင်၏ ခုခံချေပပိုင်ခွင့်များ

(က)ထုတ်ကုန်ပစ္စည်း၊ (သို့မဟုတ်) ဝန်ဆောင်မှုပစ္စည်းကိုအရောင်းမြှင့်တင်ရန်၊ ရှင်းပြရန်၊ သုံးစွဲပုံကိုသွန်သင်ပြသရန် အတွက် တိုက်ရိုက်သက်ဆိုင်သောပေးဆောင်မှု

(ခ)ဤကိစ္စနှင့်စပ်လျှင်း၍ နိုင်ငံခြားအစိုးရ၊ တိုင်းပြည်တစ်ခု၊ (သို့မဟုတ်) အေဂျင်စီတစ်ခုနှင့် စာချုပ်စာတမ်းချုပ်ဆိုရန် ရည်ရွယ်၍ လုပ်ဆောင်ခဲ့သော **<u>အောက်ပါလုပ်ဆောင်မှုများ</u>**သည် ဤဥပဒေအခန်းငယ် (အေ) အရအကျုံးဝင်သော တရားပြိုင်၏ ခုခံချေပပိုင်ခွင့်များ ဖြစ်သည်။

(၁)ငွေကြေးပေးဆောင်ခဲ့မှု၊ လက်ဆောင်ပေးခဲ့မှု၊ ကမ်းလှမ်းခဲ့မှု၊ (သို့မဟုတ်) တန်ဖိုးရှိသော ပစ္စည်းတစ်ခုခုပေးရန် ကတိပေးခဲ့မှုသည် အဆိုပါနိုင်ငံခြားတိုင်းပြည်အရာရှိ၊ နိုင်ငံရေးပါတီ၊ ပါတီအရာရှိ ၊ (သို့မဟုတ်) ပါတီ ကိုယ်စားလှယ်၏ တိုင်းပြည်က ပြဋ္ဌာန်းထားသောဥပဒေအရ တရားဝင်ဖြစ်ရမည်။

(၂) ငွေကြေးပေးဆောင်ခဲ့မှု၊ လက်ဆောင်ပေးခဲ့မှု၊ ကမ်းလှမ်းခဲ့မှု၊ (သို့မဟုတ်) တန်ဖိုးရှိသော ပစ္စည်းတစ်ခုခုပေးရန် ကတိပေးခဲ့မှုတို့ကို သင့်တော်သောအနေအထားဖြင့်တရားဝင် ကုန်ကျစရတ် - ဥပမာ နိုင်ငံခြား တိုင်းပြည်အရာရှိ၊ ပါတီ၊ ပါတီအရာရှိ၊ ကိုယ်စားလှယ်ကိုယ်တိုင်သော်လည်းကောင်း၊ ၎င်း၏ကိုယ်စားလှယ်သော်လည်းကောင်း ကုန်ကျသောခရီးသွားလာစရိတ်နှင့် တည်းခိုစားသောက်စရိတ်များ စသည်များပါဝင်သော ပေးဆောင်မှုမျိုး ဖြစ်ရမည်။

## (ဃ)ငွေကြေးဆုံးရှုံးမှုအစားအခြားနစ်နာကြေးပေးမှု

(၁) ဤဥပဒေဘောင်တွင် အကျုံးဝင်သော မည်သည့် **ပုဂ္ဂိုလ်** (သို့မဟုတ်) ၎င်း၏ အရာရှိတစ်ယောက်၊ (သို့မဟုတ်) ညွှန်ကြားရေးမှူး၊ (သို့မဟုတ်) ဝန်ထမ်း၊ (သို့မဟုတ်) ကိုယ်စားလှယ် တစ်ယောက်၊ (သို့မဟုတ်) အစုရှယ်ယာဝင်သည် ဤအခန်းကဏ္ဍ၏အခန်းငယ် (အေ) ကိုဥပဒေချိုးဖောက်မှုတစ်ခုဖြစ်စေသည့် မည်သည့် လုပ်ရပ်ကိုမဆို ချိုးဖောက်မှုကိုလုပ်လျှင်၊ လုပ်ရန်ကြိုးပမ်းအားထုတ်လျှင်၊ လုပ်ဆောင်နေသည်၊ လုပ်ဆောင်တော့မည်ဆိုသည်ကို ထင်ရှားလျှင် ရှေ့နေချုပ်အနေဖြင့် ၎င်း၏ဆုံးဖြတ်ချက်ဖြင့် အမေရိကန်နိုင်ငံ၏ သင့်တော်ဆီလျော်သော ခရိုင် တရားရုံးတွင်တရားစီရင်ရန် ဆောင်ရွက်ရမည်။ ဤသို့ဆောင်ရွက်ရာတွင် ဤလုပ်ရပ်သည်အထောက်အထားများ ပြပြီး တရားရုံး၏အမြဲတမ်းကန့်သတ်ချက်အမိန့် (သို့မဟုတ်) ယာယီ ကန့်သတ်ချက် အမိန့်ကိုပေးအပ်ရမည်။

(၂) အထွေထွေရှေ့နေချုပ်၏ ဥပဒေမူဝါဒသဘောထားမှာ တရားမမှုအနေနှင့်စုံစမ်းစစ်ဆေးရန်၊ ဤအပိုဒ်ပါဥပဒေကိုစိုးမိုးရန် လိုအပ်သည်ဟုယူဆလျှင် ရှေ့နေချုပ်၊ (သို့မဟုတ်) ၎င်း၏ခန့်ထားသူတစ်ဦးဦးအား အောက်ဖော်ပြပါ အခွင့်အာဏာများကိုပေးအပ်ထားသည်။ ၎င်းအာဏာများမှာ ကျမ်းသစ္စာကျိန်ဆိုရန် ညွှန်ကြားချက်ပေးခြင်း၊ အမှန်အတိုင်းကျမ်းကျိန်ထွက်ဆိုခြင်း၊ မျက်မြင် သက်သေအား ထွက်ဆိုရန်ဆင့်ခေါ်ခြင်း၊ အထောက်အထားရယူခြင်း၊ ထိုစုံစမ်းမှုနှင့်စပ်လျဉ်း၍ ရှေ့နေချုပ်က သက်ဆိုင်သည်ဟုယူဆသည့် စာအုပ်များ၊ စာရွက်စာတမ်းများ ထုတ်ပေးရန်တောင်းဆိုခြင်း စသည့် အခွင့်အာဏာ များကို အပ်နှင်းထားသည်။ မျက်မြင်သက်သေလာရောက်ခြင်း၊ အထောက်အထားစာရွက်စာတမ်းများထုတ်ပေးခြင်းကို အမေရိကန်နိုင်ငံ မည်သည့်နေရာမှာ မဆိုသော်လည်းကောင်း၊ အမေရိကန်နိုင်ငံ၏ပိုင်နက်၊ (သို့မဟုတ်) ခနသဟာယ နယ်ပယ် တရားစီရင်ကြားနာသည့် နေရာတစ်နေရာတွင်ဖြစ်ရမည်။

(၃) တစ်စုံတစ်ယောက်မှနေ၍ ရုံးသို့လာရန်ဆင့်ခေါ်စာကို လိုက်နာရန်ငြင်းဆန်ခဲ့သည်ရှိသော်၊ လုံးဝဆန့်ကျင်ခဲ့သည် ရှိသော် ဤစုံစမ်းမှုဖြစ်ပွားနေသည့်၊ (သို့မဟုတ်) ဤအမှုစစ်ဆေးနေသည့်၊ (သို့မဟုတ်) ဤပုဂ္ဂိုလ်နေထိုင်နေသည့် တရားစီရင်မှုနယ်ပယ်တွင်ရှိသော၊ (သို့မဟုတ်) ဤပုဂ္ဂိုလ်က စီးပွားရေးလုပ်ဆောင်နေသည့် ဥပဒေစီရင်သည့်နယ်ပယ်တွင်ရှိသော တရားရုံးတစ်ခုခုအား အမိန့် ထုတ်ပေးရန် ရှေ့နေချုပ်က ည နိကြားနိုင်သည်၊ ထိုသို့အကူအညီယူပြီး၍ မျက်မြင် သက်သေထွက်ဆိုရန် အထောက်အထား စာရွက်စာတမ်းများ၊ အခြားစာရွက်စာတမ်းများ ထုတ်ပေးရန်တောင်းဆို နိုင်သည်။ အဆိုပါတရားရုံးတစ်ခုခုမှနေ၍ အဆိုပါပုဂ္ဂိုလ်ကို ရှေ့နေချုပ်ထံ၊ (သို့မဟုတ်) ၎င်း၏ခန့်အပ်ထားသူထံ လာရောက်အောင် အမိန့်ထုတ်ပြန်ပေး၍ အထောက်အထားမှတ်တမ်းများကို ထုတ်ပေးနိုင်သည်။ ထို့အပြင် စုံစမ်းစစ်ဆေးမှု ပြုနေသော ကိစ္စနှင့်ပတ်သက်ပြီး ထွက်ဆိုခိုင်းရန်အမိန့်ပေးနိုင်သည်။ အကယ်၍ တရားရုံး၏ ဤသို့အမိန့်ချမှတ်မှုကိုလိုက်နာရန် ပျက်ကွက်ခဲ့ပါက ရုံးတော်ကို မထေမဲ့မြင်ပြုမှုအနေဖြင့် အပြစ်ပေးနိုင်သည်။

(၄) ဤသို့အမှုနှင့်ပတ်သက်၍ တရားစီရင်မှုအားလုံးကို အဆိုပါပုဂ္ဂိုလ်နေထိုင်သော၊ (သို့မဟုတ်) အဆိုပါပုဂ္ဂိုလ်ကိုတွေ့နိုင်သော တရားစီရင်မှုခရိုင်တွင် စစ်ဆေးကြားနာနိုင်သည်။ ရှေ့နေချုပ်သည် ဤဥပဒေအခန်းငယ်တွင်ပါရှိသောအချက်အလက်များနှင့်အညီ လိုအပ်သည်ဟု ယူဆလျှင် တရားမမှုစုံစမ်းရေးနှင့်ပတ်သက်၍ ဤသို့သော စည်းမျဉ်းများကိုချမှတ်နိုင်သည်။

## (င) ပြစ်ဒဏ်များ

(၁)(က) ဤဥပဒေအခန်း၏ အခန်းငယ် (အေ)  ကိုချိုးဖောက်သည့် ဥပဒေအရဖွဲ့ စည်းထားသော မည်သည့် ကော်ပိုရေးရှင်း လုပ်ငန်းကိုမဆို ဒေါ်လာ ၂ ၀၀၀ ၀၀၀ ထက်မပိုဘဲ ဒဏ်တပ်နိုင်သည်။

(ခ)ဤဥပဒေအခန်း၏ အခန်းငယ် (အေ) ကိုချိုးဖောက်သည့် ဥပဒေအရဖွဲ့စည်းထားသော မည်သည့်ကော်ပိုရေးရှင်း လုပ်ငန်းကိုမဆို ရှေ့နေချုပ်ကအရေးယူသတ်မှတ်သည့် ဒဏ်ငွေ ဒေါ်လာ ၁၀၀၀၀ ထက်မပိုသည့် တရားမအပြစ်မှုနှင့် အကျိုးသက်ရောက်စေရမည်။

(၂) (က) ဤအခန်း၏အခန်းငယ် (အေ) ကို သိလျှက်နှင့် ကြံရွယ်ချက်နှင့် ချိုးဖောက်သူကော်ပိုရေးရှင်း ၏ ကိုယ်စားပြုသူ အရာရှိ၊ ညွှန်ကြားရေးမှူး၊ အလုပ်သမား၊ မည်သူတစ်ဦးမဆို ဒဏ်ငွေဒေါ်လာ ၁၀၀၀၀၀ ထက်မကျော်ဘဲအပြစ်ဒဏ် တပ်ခံရမည်၊ (သို့မဟုတ်) ၅ နှစ်ထက်မနည်း ထောင်ဒဏ်အပြစ်ပေးခံရမည်၊ (သို့မဟုတ်) အပြစ်ဒဏ် နှစ်ရပ်စလုံးကျခံစေရမည်။

(ခ)ဤအခန်း၏အခန်းငယ် (အေ) ကို ကျူးလွန်သူ ဤကော်ပိုရေးရှင်းလုပ်ငန်းက ကိုယ်စားပြုသူ အရာရှိ၊ ညွှန်ကြားရေးမှူး၊ အလုပ်သမား၊ (သို့မဟုတ်) ကိုယ်စားလှယ်၊ (သို့မဟုတ်) အစုရှယ်ယာဝင်သည် ရှေ့နေချုပ်က အရေးယူချမှတ်သော ဒဏ်ငွေ ဒေါ်လာ ၁၀၀၀၀ ထက်မနည်း တရားမမှု အပြစ်ဒဏ် အကျိုး သက်ရောက်စေရမည်။

(၃) မည်သည့်အရာရှိတစ်ဦးဦး၊ ညွှန်ကြားရေးမှူး၊ (သို့မဟုတ်) ဝန်ထမ်း၊ (သို့မဟုတ်) ကိုယ်စားလှယ်၊ (သို့မဟုတ်) အစုရှယ်ယာဝင်တစ်ဦးဦးကို အပိုဒ် (၂) အရ အပြစ်ဒဏ်ချမှတ်သည့် အခါတိုင်း ဤဒဏ်ငွေကို အဆိုပါ ပုဂ္ဂိုလ်က တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သောနည်းဖြင့်သော်လည်းကောင်း မပေးရပါ။

## <u>(စ)အဓိပ္ပါယ်ဖွင့်လှစ်ချက်များ</u>

ဤအခနးကဏ္ဍအတွက်ရည်ရွယ်သည်။

(၁) **'ပုဂ္ဂိုလ်'**ဆိုသညစကားလုံး မှာ ဥပဒေပြစ်မှုကျူးလွန်သူကို ရည်ညွန်းလျှင် (၈ ယူအက်စ်ဆီ ၁၁၀၁) တွင် အဓိပ္ပာယ်ဖွင့်လှစ်ထားသော အမေရိကန်နိုင်ငံသား မဟုတ်သည့် ကော်ပိုရေးရှင်း လုပ်ငန်း ကုမဏီကို ဆိုလိုသည်။ ထိုအပြင် **'ပုဂ္ဂိုလ်'** ဆိုသည့်စကားလုံးမှာ နိုင်ငံခြားတိုင်းပြည်တစ်ခု၏ ဥပဒေအရ ဖွဲ့စည်းထားသော မည်သည့်ကော်ပိုရေးရှင်း၊ ဖက်စပ်လုပ်ငန်းအသင်းအဖွဲ့၊ အစုရှယ်ယာကုမဏီ၊ တစ်ဦးတည်းပိုင်သောကော်ပိုရေးရှင်း (သို့မဟုတ်) ဦးပိုင်လုပ်ငန်း (သို့မဟုတ်) ဤဥပဒေအရ ဖွဲ့စည်းထားသော နိုင်ငံရေးပါတီ ဌာနခွဲကို ဆိုလိုသည်။

(၂) (က) **'နိုင်ငံခြားတိုင်းပြည်အရာရှိ'**-ဆိုသည့်စကားလုံးမှာ- နိုင်ငံခြားအစိုးရတစ်ခု၏မည်သည့်အရာရှိ၊ (သို့မဟုတ်) ဝန်ထမ်း၊ (သို့မဟုတ်) မည်သည့်ဌာန၊ (သို့မဟုတ်) အေဂျင်စီအဖွဲ့အစည်း၊ (သို့မဟုတ်) ပြည်သူ့အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း၊ (သို့မဟုတ်) မည်သည့်အစိုးရဌာန အေဂျင်စီအဖွဲ့အစည်း၏ကိုယ်စားပြု၊ (သို့မဟုတ်) အစိုးရ၏ တာဝန်ကို ထမ်းဆောင်နေသူ၊ (သို့မဟုတ်) အဆိုပါနိုင်ငံတကာအသင်းအဖွဲ့၏ကိုယ်စား တာဝန်ထမ်းဆောင်နေသူကိုဆိုလိုသည်။

(ခ) အေ အပိုဒ်ငယ်အတွက် - **'ပြည်သူ့အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း'**- ဆိုသည်မှာ

(၁)(၂၂ယူအက်စ်ဆီ ၂၈၈) အပြည်ပြည်ဆိုင်ရာအသင်းအဖွဲ့ဥပဒေကင်းလွတ်ခွင့် အက်ဥပဒေ၏အခန်း ၁ တွင် ပြဌာန်းထားသော နိုင်ငံတော်သမ္မတ၏အမိန့်နှင့် သတ်မှတ်ထားသော အဖွဲ့အစည်းတစ်ရပ်ရပ်နှင့်

(၂)နိုင်ငံတော်မှတ်တမ်းရုံးတွင် သမ္မတ၏အမိန့်နှင့် ဤဥပဒေပါ ရည်ရွယ်ချက်နှင့် အမိန့်ထုတ်ပြန်ထားသည့် နေ့မှ စ၍ တရားဝင်သတ်မတ်ထားသည့် အပြည်ပြည်ဆိုင်ရာ အခြားအသင်းအဖွဲ့တစ်ခု

(၃) (က) ပုဂ္ဂိုလ်တစ်ယောက်၏စိတ်တွင် **'သိသည်'** ဆိုသည့်သဘောမှာ အခြေအနေလုပ်ငန်းတစ်ခုခုနှင့် ပတ်သက်ပြီး ဆိုလိုသည်၊ (သို့မဟုတ်) အကယ်၍

(၁)အဆိုပါပုဂ္ဂိုလ်သည် ဤသို့လုပ်ဆောင်နေသည်ဆိုသည်ကို သတိပြုမိသည်။ ဤသို့အခြေအနေဖြစ်ပျက်သည်ဆိုသည်ကို သတိပြုမိသည်။ ဤသို့ရလဒ်သည် ကျိန်းသေဖြစ်ပေါ်လာမည်ကိုသိသည်၊ (သို့မဟုတ်)

(၂)ဤပုဂ္ဂိုလ်အနေနှင့် ဤအခြေအနေ ဖြစ်ပေါ်သည်ဆိုသည်ကိုခိုင်ခိုင်မာမာယုံကြည်မှု ရှိနေသည်၊ (သို့မဟုတ်) ဤအကျိုးဆက်တရား ကျိန်းသေဖြစ်ပေါ်မည်ဆိုသည်ကို သိနေသည် ဆိုသည့်အဓိပ္ပါယ်ဖြစ်သည။

(ခ)အကယ်၍ပုဂ္ဂိုလ်တစ်ယောက်သည် ပြစ်မှုကျူးလွန်ရန်အနေအထား ရှိသောအခြေအနေကို သိလျှင်ထိုသူသည် ပြစ်မှုကျူးလွန်ရန်သိသည်ဟုယူဆသည်။ ခြွင်းချက်အနေနှင့်ထိုပုဂ္ဂိုလ်မှာ ဤအခြေအနေအမှန်တကယ်မဖြစ်ပါဟု အမှန်တကယ်ယုံကြည်နေလျှင်အကျုံးမဝင်ပါ။

(၄) (က) **'ပုံမှန်အစိုးရလုပ်ရိုးလုပ်စဉ်များ'**ဆိုသည်မှာ

(၁)နိုင်ငံရပ်ခြားတိုင်းပြည်တစ်ခုတွင် စီးပွားရေးလုပ်ငန်းလုပ်ဆောင်ရန် လူတစ်ဦးတစ်ယောက်က လုပ်ပိုင်ခွင့်ရရှိရန် ပါမစ်၊ လိုင်စင်များ၊ (သို့မဟုတ်) အခြားရုံးစာရွက်စာတမ်းများရရှိရန်အတွက် နိုင်ငံခြားအရာရှိက ပုံမှန်လုပ်ဆောင် နေသော လုပ်ဆောင်မှုတစ်ရပ်

(၂)အစိုးရ၏ စာရွက်စာတမ်းများဖြစ်သည့် ဗီဇာ၊ အလုပ်အမိန့်စာရရှိရေးအတွက် လုပ်ဆောင်သည့်လုပ်ရပ်

(၃)ရဲ၏အကာအကွယ်ရယူရေး၊ ရဲမှအကာအကွယ်ပေးရေး၊ စာပို့စနစ်မှစာသိမ်းစာဝေခြင်းလုပ်ရပ်၊ စာချုပ်စာတမ်းနှင့် ပတ်သက်၍ စစ်ဆေးမှု၊ တိုင်းပြည်အဝန်းကုန်စည်ပို့ဆောင်မှုနှင့်ပတ်သက်သည် စစ်ဆေးမှုများလုပ်ဆောင်မှုနှင့် ပတ်သက်သည့်လုပ်ရပ်များ

(၄)တယ်လီဖုန်းတပ်ဆင်မှု၊ လျှပ်စစ်နှင့်ရေအားပံ့ပိုးပေးမှု၊ ကုန်ပစ္စည်းများ တင်ချမှု၊ ပျက်စီးလွယ်သောပစ္စည်းများ၊ ပျက်စီးမှု ယိုယွင်းမှုမှ ကာကွယ်တားဆီးရေးကိစ္စရပ်များ

(၅)အလားတူသဘောသဘာဝရှိသောလုပ်ရပ်များ

ကို **'ပမှန်အစိုးရလုပ်ရိုးလုပ်စဉ်များ'** ဟုအဓိပ္ပါယ်ရပါသည်။

(ခ) **'ပုံမှန်အစိုးရလုပ်ရိုးလုပ်စဉ်များ'**ဆိုသည့်စကားလုံးမှာ နိုင်ငံခြားအရာရှိ၏ဆုံးဖြတ်ချက် မပါဝင်ပါ။ ဆိုလိုသည်မှာ၄င်း ဆုံးဖြတ်မှုသည် လုပ်ငန်းသစ်တစ်ခုကိုလုပ်ပိုင်ခွင့်ပေးသည့် သီးခြားပါတီတစ်ခုနှင့် လုပ်ငန်းဆက်လက်လုပ်ဆောင်ခွင့် ပေးသည်ဖြစ်စေ၊ ထိုစီးပွားရေးလုပ်ငန်းသစ်တစ်ခုကို လုပ်ပိုင်ခွင့်ပေးရန်နှင့် ပါတီတစ်ခုနှင့်စီးပွားရေးလုပ်ငန်းဆက်လုပ် ခွင့်ပေးရန် အားပေးသည့်နိုင်ငံခြားအရာရှိ၏ လုပ်ရပ်များနှင့်အကျုံးမဝင်ပါ။

(၅) **'ပြည်နယ်ခြားကူးသန်းရောင်းဝယ်မှု '** ဆိုသည်မှာ

ပြည်နယ်များအတွင်း (သို့မဟုတ်) မည်သည့်နိုင်ငံရပ်ခြားတိုင်းပြည် (သို့မဟုတ်) မည်သည့်ပြည်နယ် (သို့မဟုတ်) မည်သည့်နေရာ (သို့မဟုတ်) မည်သည့်သဘောအကြား အသေးစားကုန်သွယ်မှု (သို့မဟုတ်) အကျယ်အပြန့်ကူးသန်းရောင်းဝယ်မှု (သို့မဟုတ်) သယ်ယူပို့ဆောင်မှု (သို့မဟုတ်) ဆက်သွယ်ရေးပြုမှုတို့ကို ဆိုလိုသည်။

ဤဝေါဟာရတွင်

(က) ပြည်နယ်တစ်ခုနှင့်တစ်ခုကြား တယ်လီဖုန်းဖြင့် ဆက်သွယ်ခြင်း (သို့မဟုတ်) အခြားနည်းဖြင့် ဆက်သွယ်ခြင်း

(ခ) ပြည်နယ်တစ်ခုနှင့်တစ်ခုကြား အဖွဲ့စည်းချင်း ဆက်သွယ်ခြင်း တို့ပါဝင်သည်။

## ၇၈ အက်ဖ်အက်ဖ်။ ပြစ်ဒဏ်များ

## (က)ကြံရွယ်ချက်ဖြင့ ဥပဒေချိုးဖောက်ခြင်း၊ လိမ်လည် လှည့်ဖြားထွက်ဆိုတင်သွင်းခြင်းများ

ဤ ဥပဒေ ခေါင်းစဉ် အခန်း (၇၈ ဒီဒီ -၁) မှလွဲ ၍ ဤဥပဒေအခန်းတွင်ပါရှိသော ဥပဒေများကို ကြံရွယ်ချက်ဖြင့် ချိုးဖောက်သူ မည်သူမဆို (သို့မဟုတ်) ဤ အခန်းဥပဒေတွင်ချမှတ်ထားသော လိုက်နာရမည့်အချက်များကို ချိုးဖောက်သည့်မည်သူမဆို (သို့မဟုတ်) ဤ ဥပဒေ အခန်းအရ တင်သွင်းရန်လိုအပ်သော လျှောက်လွှာ၊ အစီရင်ခံစာ၊ စာရွက်စာတမ်းတွင် တင်သွင်းထားသော အချက်အလက်များကို ကြံရွယ်ချက်ဖြင့် သိလျှက်နှင့် လိမ်လည်ပြောဆိုတင်ပြသူမည်သူမဆို၊ ဤဥပဒေခေါင်းစဉ်၏ အခန်း ၇၈ (အို)၊ အခန်းငယ် (ဒီ) တွင် ပြဌာန်းထားသော လုပ်ငန်းမှတ်ပုံတင်သွင်းရန်ထွက်ဆိုတင်ပြချက်တွင် တာဝန်ယူရမည့် ဥပဒေကို ချိုးဖောက်သူ (သို့မဟုတ်) အသင်းအဖွဲ့ တစ်ခုတွင် အဖွဲ့ဝင်ဖြစ်ရန်၊ ပါဝင်လုပ်ဆောင်ရန်နှင့်ပတ်သက် ၍ လျှောက်လွှာတင်သွင်းချိန် အစိုးရအဖွဲ့ အစည်းမှမဟုတ်သော လုပ်ငန်းစည်းမျဉ်းစည်းကမ်းကိုချမှတ်ထားသည့် အသင်းအဖွဲ့၏ဥပဒေစည်းကမ်းကို ချိုးဖောက်ခြင်း (သို့မဟုတ်) တင်သွင်းထားသည့်အချက်အလက်များမှာ လိမ်လည် ၍လွဲမှားစွာပြောဆိုထားခဲ့လျှင် ထို ပုဂ္ဂိုလ်သည် ဒဏ်ငွေ ဒေါ်လာ ၅ ၀၀၀ ၀၀၀ ထက်မကျော်ဘအပြစ်ဒဏ် ကျခံရမည်၊ (သို့မဟုတ်) ၅ နှစ်ထက်မနည်း ထောင်ဒဏ်အပြစ်ပေးခံရမည်၊ (သို့မဟုတ်) အပြစ်ဒဏ်နှစ်ရပ်စလုံးကျခံစေရမည်။ ချွင်းချက်အနေဖြင့် ထိုသို့ကျူးလွန်သူမှာ လူပုဂ္ဂိုလ်မဟုတ်ဘဲ ကုမဏကော်ပိုရေးရှင်းဖြစ်လျှင် ဒဏ်ငွေ ဒေါ်လာ ၂၅၀၀၀၀၀ ထက်မပိုဘဲ ဒဏ်တပ်နိုင်သည်။ သို့သော် အကယ်၍ ထိုပုဂ္ဂိုလ်က ဤစည်းမျဉ်းစည်းကမ်းဥပဒေတည်ရှိကြောင်း လုံးဝမသိပါဟု သက်သေပြနိုင်လျှင် ဥပဒေချိုးဖောက်မှုကြောင့် ထောင်ဒဏ်မကျခံစေရပါ။

## (ခ)အချက်အလက်များ၊ စာရွက်စာတမ်းများ၊ အစီရင်ခံစာများ တင်ပြရန်ပျက်ကွက်မှု

ငွေကြေး၊ ငွေစက္ကူ၊ ငွေစုစာချုပ်၊ အာမခံ အစုရှယ်ယာထုတ်ပေးသူ မည်သည့်ကော်ပိုရေးရှင်း (အစ်ရှူးဝါး) မဆို ဤဥပဒေခေါင်းစဉ်၏ အခန်း ၇၈ (အို)၊ အခန်းငယ် (ဒီ) အရ တင်သွင်းရန်လိုအပ်သည့် အချက်အလက်များ၊ စာရွက်စာတမ်းများ၊ အစီရင်ခံစာများ တင်ပြရန်ပျက်ကွက်သူ (သို့မဟုတ်) ဤဥပဒေအောက်ရှိ စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်သူကော်ပိုရေးရှင်းသည် ဤသိုတင်သွင်းရန်ပျက်ကွက်မှုအတွက် အမေရိကန်နိုင်ငံအစိုးရအား တစ်နေ့ကိုဒေါ်လာတစ်ရာနှုန်းဖြင့် ပျက်ကွက်နေသရွေ့ နေ့တိုင်းပေးဆောင်ရမည်။ ဤသို့စွန့်လွှတ်မှုသည် တင်သွင်းရန်ပျက်ကွက်မှု အတွက် ရာဇဝတ်ပြစ်မှုအစား ကျခံခြင်းဖြစ်ရမည်။ ထို့ပြင် ဤဥပဒေအခန်း၏ အခန်းငယ် (အေ)အောက်တွင် ပေါ်ပေါက်သော လုပ်ရပ်ဖြစ်ရမည်။ အဆိုပါပေးဆောင်မှုကို အမေရိကန်နိုင်ငံ ဘဏ္ဍာရေးဌာနသို့ ပေးဆောင်ရမည် ဖြစ်ပြီး အမေရိကန်နိုင်ငံအစိုးရကို တရားစွဲခြင်းအားဖြင့်သာလျှင် ပြန်လည်ရနိုင်စေရမည်။

## (ဂ)အစ်ရှူးဝါး(ဆကျူရတီထုတ်ပေးသူ ကော်ပိုရေးရှင်း)၊ အဆိုပါ ကော်ပိုရေးရှင်း၏အရာရှိများ ညွှန်ကြားရေးမှူး၊ (သို့မဟုတ်) ဝန်ထမ်း၊ (သို့မဟုတ်)ကိုယ်စားလှယ်၊(သို့မဟုတ်)အစုရှယ်ယာဝင်များ၏ ဥပဒေချိုးဖောက်မှုများ

(၁) (က) ယူအက်စဆီ ၁၅-၇၈ ဒီဒီ ၁ ဤခေါင်းစဉ်အခန်း ၃၀ အေ ၏အခန်းငယ် အေ (သို့မဟုတ်) ဂျီ ကို ကျူးလွန်သူ မည်သည့် အစ်ရှူးဝါး(ဆကျူရတီထုတ်ပေးသူ)မဆို ဒေါ်လာ ၂၀၀၀ ၀၀၀ ထက်မပိုဘဲ ဒဏ်ငွေကျခံစေရမည်။

(ခ) ယူအက်စဆီ ၁၅-၇၈ ဒီဒီ ၁ ဤခေါင်းစဉ်အခန်း ၃၀ အေ ၏အခန်းငယ် အေ (သို့မဟုတ်) ဂျီ ကို ကျူးလွန်သူ မည်သည့် အစ်ရှူးဝါး(ဆကျူရတီထုတ်ပေးသူ)မဆို ကော်မစ်ရှင်အဖွဲ့က အရေးယူချမှတ်သော တရားမပြစ်မှု ဒဏ်ငွေပြစ်ဒဏ် ဒေါ်လာ ၁၀၀၀၀ ထက်မပိုဘဲ ကျခံစေရမည်။

(၂) (က) ဤအစ်ရှူးဝါး(ဆကျူရတီထုတ်ပေးသူ)၏ အရာရှိ၊ ညွှန်ကြားရေးမှူး၊ (သို့မဟုတ်) ဝန်ထမ်း၊ (သို့မဟုတ်) ကိုယ်စားလှယ်၊ (သို့မဟုတ်) အစုရှယ်ယာဝင်တစ်ယောက်က ယူအက်စဆီ ၁၅-၇၈ ဒီဒီ ၁ ဤခေါင်းစဉ်အခန်း ၃၀ အေ ၏အခန်းငယ် အေ (သို့မဟုတ်) ဂျီ ကို ကြံရွယ်ချက်ဖြင့် ကျူးလွန်ပါက ဒေါ်လာ ၁၀၀ ၀၀၀ ထက်မပိုစေဘဲ ဒဏ်ငွေပေးဆောင်ရမည်။ (သို့မဟုတ်) ၅ နှစ်ထက်မနည်း ထောင်ဒဏ်အပြစ်ပေးခံရမည်၊ (သို့မဟုတ်) အပြစ်ဒဏ် နှစ်ရပ်စလုံးကျခံစေရမည်။

(ခ) ဤအစ်ရှူးဝါး(ဆကျူရတီထုတ်ပေးသူ)၏ အရာရှိ၊ ညွှန်ကြားရေးမှူး၊ (သို့မဟုတ်) ဝန်ထမ်း၊ (သို့မဟုတ်) ကိုယ်စားလှယ်၊ (သို့မဟုတ်) အစုရှယ်ယာဝင်တစ်ယောက်က ယူအက်စဆီ ၁၅-၇၈ ဒီဒီ ၁ ဤခေါင်းစဉ်အခန်း ၃၀ အေ ၏အခန်းငယ် အေ (သို့မဟုတ်) ဂျီ ကို ချိုးဖောက်ခဲ့လျှင် ကော်မစ်ရှင်အဖွဲ့က ချမှတ်သော ဒဏ်ငွေ ဒေါ်လာ ၁၀၀၀၀ မပိုသော တရားမမှု ပြစ်ဒဏ်ကိုကျခံစေရမည်။

(၃) အဆိုပါအစ်ရှူးဝါး(ဆကျူရတီထုတ်ပေးသူ)၏ မည်သည့်အရာရှိတစ်ဦးဦး၊ ညွှန်ကြားရေးမှူး၊ (သို့မဟုတ်) ဝန်ထမ်း၊ (သို့မဟုတ်) ကိုယ်စားလှယ်၊ (သို့မဟုတ်) အစုရှယ်ယာဝင်တစ်ဦးဦးကို အပိုဒ် (၂) အရ အပြစ်ဒဏ်ချမှတ်သည့် အခါတိုင်း ဤဒဏ်ငွေကို အဆိုပါအစ်ရှူးဝါး(ဆကျူရတီထုတ်ပေးသူ) က တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သောနည်းဖြင့်သော်လည်းကောင်း မပေးရပါ။